မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၉ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၁၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၆၂)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပစဉ်။
(သတင်းစဉ်)

(၆၂)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညို

ရန်ကုန် မေ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာနက ကျင်းပခဲ့သော (၆၂)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ၊ တိပိဋကကောဝိဒအောင် တစ်ပါး၊ မူလအဘိဓမ္မကောဝိဒအောင် တစ်ပါး၊ မူလအာဘိဓမ္မိကအောင် တစ်ပါး၊ ဒီဃနိကာယကောဝိဒအောင် နှစ်ပါး၊ ဒီဃဘာဏကအောင် ငါးပါး၊ ဝိနယကောဝိဒအောင် သုံးပါး၊ ဝိနယဓရအောင် ၂၄ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒအောင် ခုနစ်ပါးနှင့် ဥဘတောဝိဘင်္ဂဓရအောင် ၄၇ပါး စုစုပေါင်း စာအောင်သံဃာတော်အရှင်မြတ် ၉၁ပါးတို့အား ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြသည်။

ကျော်ဖုံးသို့

ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အဘိဓမ္မာရှေ့ပိုင်း၊ သဘောရေးဖြေအောင် မူလအဘိဓမ္မကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်မှ အရှင်ဝါသေဋ္ဌာလင်္ကာရအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ကို ဆက်ကပ်စဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မေ ၉ ရက်)

ကျန်းမာကြံ့ခိုင်သောပြည်သူများအဖြစ် ပြုမူကျင့်ကြံနေထိုင်ကြရမည်

နိုင်ငံတော်အစိုးရသည် ဆေးပညာခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဆေးတက္ကသိုလ်များနှင့် ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်များကို နိုင်ငံအနှံ့ တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။

တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဖော်ဆောင်ရာတွင် အဆင့်မြင့် ဆေးရုံသစ်ကြီးများ၊ အထွေထွေရောဂါကု၊ အထူးကုနှင့် သင်ကြားရေးဆေးရုံကြီးများကို တိုးချဲ့ဖွင့်လှစ် ဖြည့်ဆည်းပေးခဲ့သည်။ နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေး၊ ကုသရေးနှင့်ဆေးရုံသုံး ပစ္စည်းများကိုလည်း တိုးမြှင့်ထားရှိပေးထားသည်။

ကျန်းမာရေးစောင့်ရှောက်မှုအတွက် အဆင့်မြင့်ဆေးရုံများအဖြစ် ခေတ်မီဆေးပစ္စည်းများ၊ တိုင်းရင်းဆေးဝါးများကို ထုတ်လုပ်ပေး လျက်ရှိသည်။ ခေတ်မီဆေးဝါးပစ္စည်းထုတ်လုပ်သည့် စက်ရုံများ ထူထောင်နိုင်သည်နှင့်အမျှ ကုန်ထုတ်လုပ်မှုနည်းပညာသစ်များ တိုးတက်ရရှိနိုင်မည်ဖြစ်သည်။

ခေတ်မီဆေးဝါးစက်ရုံများတည်ဆောက်ခြင်းဖြင့် ပြည်သူများ၏ ကျန်းမာရေးအတွက် ဆေးဝါးပစ္စည်းများအား သင့်တင့်သောတန်ဖိုးဖြင့် ဝယ်ယူသုံးစွဲနိုင်ခြင်း၊ ပြည်တွင်းလိုအပ်ချက်များကို ပြည်ပမှ တင်သွင်းမှုကို လျှော့ချနိုင်ခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ထုတ်လုပ်နေသောဆေးဝါးများသည် ဆေးဝါးထုတ်လုပ်မှုနည်းစနစ်များအရ စနစ်တကျ သုတေသနပြု ထုတ်လုပ်ခြင်းဖြစ်၍ အရည်အသွေးအဆင့်အတန်းမြင့်မားခဲ့ပြီး အရှေ့တောင်အာရှ၌ အကောင်းဆုံးအဖြစ် သတ်မှတ်ထားသည်။ ယခုအခါ ဆေးဝါးလုပ်ငန်းစက်ရုံ (ရန်ကုန်)အပြင် အင်ရောင်းဆေးဝါးစက်ရုံ၊ ပြင်ဦးလွင်ဆေးဝါးစက်ရုံတို့ကိုလည်း ပြည်သူများ၏ ကျန်းမာရေးအတွက် တိုးချဲ့တည်ဆောက်၍ ဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိရာ ပြည်သူများအပိုင်းကလည်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးအသိဖြင့် ပြုမူကျင့်ကြံနေထိုင်သွားကြရမည်ဖြစ်ပြီး နိုင်ငံတော်မှ တရားဝင်သတ်မှတ်ထားသော စံချိန်စံညွှန်းမီဆေးဝါးများကိုသာ ဂရုပြုသုံးစွဲသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ICT အခြေခံနည်းပြသင်တန်းနှင့် ကွန်ပျူတာပြုပြင်ထိန်းသိမ်းရေး သင်တန်းဖွင့်ပွဲနှင့် ICT နည်းပညာပံ့ပိုးရေးလုပ်ငန်း ထောက်ပံ့ငွေနှင့် ကွန်ပျူတာလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် မေ ၈

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းတို့ ပူးပေါင်းကျင်းပသော ပညာရေးကောလိပ်များမှ ဆရာ ဆရာမများအတွက် ICT အခြေခံနည်းပြသင်တန်းနှင့် ကွန်ပျူတာပြုပြင်ထိန်းသိမ်းရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၀)ဖွင့်ပွဲ၊ Myanmar ICT Award (Educational Project) အထောက်အကူပြုသင်တန်း အမှတ်စဉ်(၁)ဖွင့်ပွဲနှင့် ရန်ကုန်တိုင်းရှိ ပညာရေးကောလိပ်များအတွက် ICT နည်းပညာပံ့ပိုးရေးလုပ်ငန်း ထောက်ပံ့ငွေနှင့် ကွန်ပျူတာများ လှူဒါန်းပွဲအခမ်းအနားကို မေ ၃ရက်က ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦးက ICT နည်းပညာပံ့ပိုးရေးလုပ်ငန်း လုပ်ဆောင်ရခြင်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင့်လွင်က ICT နည်းပညာပံ့ပိုးရေးလုပ်ငန်း ထောက်ပံ့ငွေကျပ် သိန်း ၁၀၀ကို ပေးအပ်လှူဒါန်းရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းက လက်ခံယူသည်။ **(အောက်ပုံ)** ဆက်လက်၍ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦးမှ ရန်ကုန်တိုင်းရှိ ပညာရေးကောလိပ်များအတွက် LCD Projector များ၊ ကွန်ပျူတာများ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် မီးအားမြှင့်စက်တို့ကို ပေးအပ်လှူဒါန်းရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းက လက်ခံယူသည်။ ယင်းနောက် ရန်ကုန်တိုင်းရှိ ပညာရေးကောလိပ်များကိုယ်စား မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းဥက္ကဋ္ဌ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ကျွမ်းကျင်ပညာရှင် ဦးထွန်းလှက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပညာရေးကောလိပ်များမှ ဆရာ ဆရာမများအတွက် ICT အခြေခံနည်းပြသင်တန်းနှင့် ကွန်ပျူတာ ပြုပြင်ထိန်းသိမ်းရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၀)သည် ICT ဖွံ့ဖြိုးတိုးတက်ရေးကို အထိရောက်ဆုံး ပံ့ပိုးပေးနိုင်ရန် ဆရာ ဆရာမများ လေ့ကျင့်မွေးထုတ်ပေးသော မြန်မာတစ်နိုင်ငံလုံးရှိ ပညာရေးကောလိပ် ကျောင်း ၂၀မှ ဆရာ ဆရာမများအား ပို့ချပေးသော သင်တန်းဖြစ်သည်။ သင်တန်းအမှတ်စဉ်(၂)ကိုလည်း ပညာရေး ကောလိပ် ကျောင်း၂၀မှ ဆရာ ဆရာမများအား ၂၀၁၀ခုနှစ် ဇွန် ၇ရက်မှ ၂၉ရက်အထိ ဆက်လက်ပို့ချရန် စီစဉ်ထားကြောင်း သိရသည်။

ပြုပြင်ထိန်းသိမ်း

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်းတို့ ပူးပေါင်း၍ ၂၀၀၉ခုနှစ်ကလည်း ရန်ကုန်တိုင်းရှိ ပညာရေးကောလိပ်များတွင် သတင်းအချက်အလက်နှင့် နည်းပညာ ဟောပြောပွဲများ၊ ICT သင်တန်းများ ပို့ချနိုင်ရန် အခြေခံနည်းပြသင်တန်းများ၊ ကွန်ပျူတာ ပြုပြင်ထိန်းသိမ်းရေး သင်တန်းများနှင့် Multimedia သင်တန်းများ ပို့ချပေးခဲ့ပြီး ကျောင်းများရှိ ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ပို့ချပေး

Myanmar ICT Award (Educational Project) အထောက်အကူပြုသင်တန်းသည် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ နှစ်စဉ်ကျင်းပသော Myanmar ICT Award အတွက် Educational Project ပြိုင်ပွဲဝင်မည့် ကျောင်းသားကျောင်းသူ(မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်)နှင့် ဆရာ ဆရာမ အဆင့်ပြိုင်ပွဲဝင်များ သိသင့်သိထိုက်သည့် စည်းမျဉ်းစည်းကမ်းများ၊ အသုံးပြုသင့်သည့် နည်းပညာများ၊ ပြိုင်ပွဲဝင်ပုံဝင်နည်းများ မြန်မာတစ်နိုင်ငံလုံး တစ်ပြေးညီဖြစ်စေရန်ရည်ရွယ်လျက် ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာဦးစီးဌာနများမှ ဆရာ ဆရာမများအား ပို့ချပေးခြင်းဖြစ်သည်။

စိစစ်ရွေးချယ်

သင်တန်း အမှတ်စဉ်(၂)ကိုလည်း မေ ၁၀ရက်မှ ၁၄ရက်အထိ ပို့ချပေးသွားမည်ဖြစ်သည်။ Myanmar ICT Award 2010 အတွက် Educational Project ပြိုင်ပွဲများကိုလည်း ၂၀၁၀ခုနှစ် အောက်တိုဘာလတွင် အပြီးသတ် စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၅-၂၀၁၀

(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **အမေ့ရင်ခွင်** တရားတော် (ဆရာတော်အရှင်လာဘ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ဗီဒီယိုပြခန်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၅)
- ၈:၃၀ Sports World (Sunday Special)
- ၈:၅၅ ခြိမ့်ခြိမ့်သဲညံမိုးသို့လျှံ မလှိုင်မြို့မှ အလှူတော်မင်္ဂလာစည်ဖြောသံ
- ၉:၀၅ ကျန်းမာလှပသွယ်လျဖို့ Smart Girl ကို သွားကြစို့
- ၉:၂၀ ချည်ခင်ကို မယ်ရှင်းလို့ ရက်ကာ အမြဲဝတ်မယ်ထာဝစဉ်…
- ၉:၄၀ Sunday Talk မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)
- ၁၀:၂၀ မော်တင်စွန်းဆီသို့
- ၁၀:၅၀ ဈေးဝယ်လမ်းညွှန် (Kanok Silk)
- ၁၁:၂၀ **မေတ္တာပန်းတို့မွေးပျံ့စေ** ပြည့်စုံအောင်၊ မိုးပြည့်ပြည့်မောင်၊ ဦးအောင်ကျော်၊ အကယ်ဒမီချိုပြုံး (ဒါရိုက်တာ-ဓာတ်ပုံရဲမြင့်လွင်)
- ၁၁:၄၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၄)
- ၁၂:၁၅ ဗီဒီယိုပြခန်း
- ၁၂:၄၀ ကျန်းမာလှပသွယ်လျဖို့ Smart Girl ကို သွားကြစို့
- ၁:၀၀ **အမေ့ရင်ခွင်** တရားတော် (ဆရာတော်အရှင်လာဘ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (လူပျိုကြီးဖြစ်တာကောင်းတယ်၊ လူပျိုကြီးမဖြစ်တာကောင်းတယ်)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၅)
- ၄:၂၀ မြို့မမှာယဉ်ကျေး ဝေးရအောင်ပွင့်တဲ့ ဓမ္မပန်းကလေးများ
- ၄:၅၀ **မြိုင်ရာဇာတွတ်ပီနှင့်အနော်ဖလီး** အရိုင်း၊ အောင်ဗေဒါ၊ မတူး (ဒါရိုက်တာ-ညွှန့်မြန်မာ ညီညီအောင်)
- ၅:၁၀ ချည်ခင်ကို မယ်ရှင်းလို့ ရက်ကာ အမြဲဝတ်မယ်ထာဝစဉ်…
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ကေဂျာနူး)
- ၆:၅၅ ဈေးဝယ်လမ်းညွှန် (Kanok Silk)
- ၇:၁၅ **မြိုင်ရာဇာတွတ်ပီနှင့်အနော်ဖလီး** အရိုင်း၊ အောင်ဗေဒါ၊ မတူး (ဒါရိုက်တာ-ညွှန့်မြန်မာ ညီညီအောင်)
- ၇:၃၀ FMF Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း (လူပျိုကြီးဖြစ်တာကောင်းတယ်၊ လူပျိုကြီးမဖြစ်တာကောင်းတယ်)
- ၉:၂၅ Barclays Premier League (Chelsea Vs Wigan)
- ၁၁:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၀၅)
- ၁၂:၀၀ ခြိမ့်ခြိမ့်သဲညံမိုးသို့လျှံ မလှိုင်မြို့မှ အလှူတော်မင်္ဂလာစည်ဖြောသံ
- ၁၂:၁၀ လုံခြုံစိတ်ချ မိခင်ဘဝ (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
- ၁၂:၃၀ သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ(စိမ်းချိုသရက်သီး)
- ၁၂:၄၀ Music Talk (မိဘမေတ္တာ)
- ၁၂:၅၀ ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉:၂၅	Chelsea - Wigan	ESPN (Live)
	Man U - Stoke City	Star Sports (Live)
၁၁:၃၀	West Ham - Man City	Star Sports (SDD)
၁၂:၃၀	Burnley - Tottenham	ESPN (SDD)

မြဝတီရုပ်မြင်သံကြား

၉-၅-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၃၀ ၄။ ကာတွန်းအစီအစဉ် **အမြှာစုံထောက်** (အပိုင်း-၂)
- ၁၁:၂၅ ၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်အိပ်မက်**
- ၁၂:၃၀ ၆။ ကျန်းမာသုတ
- ၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၃၃)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၅ ၄။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၄:၄၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၄:၅၅ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၀။ ဘဝကြေးမုံ - **ဂင်္ဂါရေအဆန်** ကောင်းခန့်၊ ချစ်စု၊ အိမ့်ဖူးငယ် **[ဒါရိုက်တာ ဆဲဗင်း(အိုင်စီ)]**
- ၆:၅၀ ၁၁။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
- ၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ**(အပိုင်း-၂၅)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ နိုင်ငံတကာသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ကျန်းမာသုတ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လရောင်ဆမ်းတဲ့ ဒဏ္ဍာရီ** (အပိုင်း-၄)
- ၂၁။ **နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၂၅)

ဗုဒ္ဓသာသနာတော်ကြီး အရှည်ခံ့၍ တည်တံ့နိုင်သည်မှာ နိုင်ငံတော်အစိုးရအမှူးပြုသည့် ပြည်သူပြည်သားများ၏ သဒ္ဓါတရားထက်သန်စွာအားပေးချီးမြှောက်မှုကြောင့်ဖြစ်

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏ သမ္မောဒနီယ သာရဏီယ ဩဝါဒကထာကို နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ ဇမ္ဗူမော်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာ ပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသ (ဝဋ္ဋံသကာ-ပါဠိသိရောမဏိ) ဖတ်ကြားတော်မူစဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၈

(၆၂)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနား၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ ဇမ္ဗူမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ(ဝဋ္ဋံသကာ-ပါဠိသိရောမဏိ) ဖတ်ကြားတော်မူသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သမ္မောဒနီယ သာရဏီယ ဩဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

(၆၂)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာတော်ပြန်ပွဲ စာမေးပွဲကြီး၌ တိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့ရ အရှင်အဘိဇာတာဘိဝံသနှင့် သဘောရေးဖြေအောင် (၁၄)ပါး၊ အာဂုံဆောင် (၇၇)ပါးအားဖြင့် (၉၁)ပါးသော သာသနာ့အာဇာနည်အရှင်မြတ်များနှင့်တကွ နိုင်ငံတော်အစိုးရအမှူးပြုသော ဥပါသကာ ဥပါသိကာအပေါင်းတို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကိုယ်စား ဝမ်းမြောက်ဖွယ်၊ အမှတ်ရဖွယ်ဖြစ်သော သမ္မောဒနီယ သာရဏီယကထာနှင့် ဩဝါဒကထာ ပြောကြားလိုသည်မှာ-

ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ, မနုဿတ္တ ဘာဝေါ ဒုလ္လဘော, ပဗ္ဗဇိတ ဘာဝေါ ဒုလ္လဘော, ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ, သဒ္ဓမ္မဿဝနံ ဒုလ္လဘံ- အဋ္ဌကထာနှင့်အညီ-

(၁) လောကမှာ ဘုရားပွင့်ပေါ်ရာအခါ ရခဲ၏။

(၂) လူ့အဖြစ် ရခဲ၏။

(၃) ရှင်ရဟန်းအဖြစ် ရခဲ၏။

(၄) (သဒ္ဓါ စသည်နှင့်) ပြည့်စုံမှု ရခဲ၏။

(၅) သူတော်ကောင်းတရား နာကြားရဖို့ ရခဲ၏။

ကုသိုလ်ကောင်းမှု ပြုလုပ်ဖို့ မမေ့ကြနဲ့ ဒါန-သီလ-သမာဓိ-ပညာရွှေအိုးကြီးလေးလုံး ကြိုးစားပြီးမြှုပ်နှံကြပဲ နေ့တိုင်း နေ့တိုင်း ဘုရားရှင်ဆုံးမတော်မူသည်။

တိပိဋကဓရ၊ တိပိဋကကောဝိဒ မထေရ်မြတ်များပေါ်ထွန်းရာ တိုင်းပြည်ကား ကမ္ဘာပေါ်မှာ မြန်မာနိုင်ငံတစ်နိုင်ငံသာရှိသည်။ အခြားဘယ်နိုင်ငံမှာမှ မရှိချေ။

သာသနာတော်တွင် အဆင့်အမြင့်ဆုံးနှင့် အခက်ခဲအနက်နဲဆုံး တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးကို ၁၃၁၀ခုနှစ် (၁၉၄၈ခုနှစ်)မှစ၍ နှစ်စဉ်မပျက် ကျင်းပခဲ့ရာ ၁၃၁၅ခုနှစ် (၁၉၅၃ခုနှစ်) တွင် မင်းကွန်းဓမ္မနာဒကျောင်းတိုက်မှ ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသသည် ပထမဆုံးတိပိဋကဓရ သာသနာ့အာဇာနည်အဖြစ် ပေါ်ထွန်းခဲ့ပါသည်။ ၁၃၂၂ ခုနှစ် (၁၉၆၀ခုနှစ်) တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်မှ ဆရာတော် ဘဒ္ဒန္တနေမိန္ဒသည် ဒုတိယမြောက် သာသနာ့အာဇာနည်အဖြစ် ပေါ်ထွန်းခဲ့ပါသည်။ ၁၃၂၅ခုနှစ်(၁၉၆၃ခုနှစ်)တွင် ပြည်မြို့ ပွင့်လှသိမ်ကုန်းကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တကောသလ္လသည် တတိယမြောက် တိပိဋကဓရ သာသနာ့အာဇာနည်အဖြစ်ပေါ်ထွန်းခဲ့ပါသည်။

ထို့နောက် ၁၀နှစ်ခန့်အကြာ ၁၃၃၅ခုနှစ်(၁၉၇၂ခုနှစ်)တွင် ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရသည် စတုတ္ထမြောက် တိပိဋကဓရ သာသနာ့အာဇာနည်အဖြစ် ပေါ်ထွန်းခဲ့ပါသည်။ ထို့နောက် တစ်ဖန် ၁၀နှစ်ခန့်အကြာ ၁၃၄၆ခုနှစ်(၁၉၈၄ခုနှစ်)တွင် ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်ကျောင်းတိုက်မှ ဘဒ္ဒန္တသီရိန္ဒာဘိဝံသသည် ပဉ္စမမြောက် တိပိဋကဓရ သာသနာ့အာဇာနည်အဖြစ် ပေါ်ထွန်းခဲ့ပါသည်။ ထို့နောက် ၁၀နှစ်ခန့်အကြာ ၁၃၅၆ခုနှစ် (၁၉၉၄ခုနှစ်)တွင် စစ်ကိုင်းမြို့နယ် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်မှ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသသည် ဆဋ္ဌမမြောက် တိပိဋကဓရ သာသနာ့အာဇာနည်အဖြစ် ပေါ်ထွန်းခဲ့ပါသည်။

၁၃၆၁ခုနှစ်(၁၉၉၉ခုနှစ်)တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် တိပိဋကကျောင်းတော်မှ ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသနှင့် စစ်ကိုင်းမြို့နယ် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ဝံသပါလာလင်္ကာရနှစ်ပါးတို့သည် ထူးထူးခြားခြား သတ္တမမြောက်၊ အဋ္ဌမမြောက် တိပိဋကဓရ သာသနာ့အာဇာနည်များအဖြစ် ပေါ်ထွန်းခဲ့ပါသည်။

၁၃၆၂ ခုနှစ် (၂၀၀၀ပြည့်နှစ်)တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် တိပိဋကကျောင်းတော်မှ ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရသည် နဝမမြောက် တိပိဋကဓရ သာသနာ့အာဇာနည်အဖြစ် ပေါ်ထွန်းခဲ့ပါသည်။

၁၃၆၅ ခုနှစ် (၂၀၀၃ခုနှစ်)တွင် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက်မှ ဘဒ္ဒန္တသုနန္ဒရသည် လည်းကောင်း၊ ဒဂုံမြို့နယ် တိပိဋကကျောင်းတော်မှ ဘဒ္ဒန္တကုန္ဒပါလသည်လည်းကောင်း ဒသမမြောက်နှင့် ဧကာဒသမမြောက် တိပိဋကဓရ သာသနာ့အာဇာနည်များအဖြစ် ထူးထူးခြားခြား ထွက်ပေါ်ခဲ့ပါသည်။

၁၃၇၁ ခုနှစ် (၂၀၁၀ခုနှစ်) (၆၂)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် စစ်ကိုင်းမြို့ မဟာသုဘောဓာရုံကျောင်းတိုက်မှ ဘဒ္ဒန္တအဘိဇာတာဘိဝံသသည် ဒွါဒသမမြောက် တိပိဋကဓရ သာသနာ့အာဇာနည်အဖြစ် ပေါ်ထွန်းလာပါသည်။ (၆၂)နှစ်တာကာလအတွင်း တိပိဋကဓရ၊ တိပိဋကကောဝိဒ သာသနာ့အာဇာနည် (၁၂)ပါးသာ ပေါ်ထွန်းလာသည်ကို လေ့လာကြည့်ရှုခြင်းအားဖြင့် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး၏ ခက်ခဲနက်နဲမှုကို ခန့်မှန်းနိုင်ကြပါလိမ့်မည်။

ဘုရားဟော ပါဠိတော်တွေ၊ ၄င်းတို့၏ အဓိပ္ပာယ်ဖွင့် အဋ္ဌကထာကျမ်းစာတွေ၊ ၄င်းတို့၏ အဓိပ္ပာယ်ဖွင့် ဋီကာကျမ်းစာတွေ အပြည့်အစုံ မြန်မာနိုင်ငံမှာသာ တည်ရှိပြီး ၄င်းကျမ်းစာများကို လေ့လာကြည့်ရှုသူ၊ ချပို့ပေးသူ၊ သင်ယူသူများသည်လည်း မြန်မာ နိုင်ငံမှာသာ တည်ရှိပေသည်။

မြတ်စွာဘုရား ဟောကြားသည့်အတိုင်း သီလ-သမာဓိ-ပညာ-သိက္ခာ သုံးပါးကို အပြည့်အစုံ ကျင့်ကြံကြိုးကုတ် အားထုတ်သည့် ယောဂီသူတော်စင်များသည်လည်း မြန်မာနိုင်ငံမှာသာ အများအပြားတည်ရှိပေသည်။

ဤကဲ့သို့ ဗုဒ္ဓသာသနာတော်ကြီး အရှည်ခံ့၍ တည်တံ့နိုင်သည်မှာ နိုင်ငံတော်အစိုးရအမှူးပြုသည့် ပြည်သူပြည်သားများ၏ သဒ္ဓါတရားထက်သန်စွာ အားပေးချီးမြှောက်မှုကြောင့် ဖြစ်ပေသည်။

မြန်မာနိုင်ငံဖွား ရှေးရှေးသော ဆရာတော်ကြီး အဆက်ဆက်တို့သည် ဆရာစဉ်ဆက် စာပေပရိယတ်တွေကို မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက် ချပို့သင်ပြပေးကြသည်။ လက်ဆင့်ကမ်းပြီး အပေးအယူထိန်းသိမ်းလာကြသည်။

ပဋိပတ္တိဘက်မှလည်း ဆရာစဉ်ဆက် ကျင့်ကြံလာခဲ့သော ကျင့်စဉ်တရားများကို လက်ဆင့်ကမ်းပေး၍ မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လာကြသည်။ ကမ္မဋ္ဌာန်းတိုက် တရားစခန်းတွေဖွင့်ပြီး သင်ပြပေးနေကြသည်။ ဤကဲ့သို့သော အစဉ်အလာ ကောင်းများကို မပျောက်မပျက်အောင် ဆက်လက်ပြီး လက်ဆင့်ကမ်း အပေးအယူပြုကာ မြန်မာနိုင်ငံဖွား သားကောင်းသမီးကောင်း သူတော်ကောင်းများ ဗုဒ္ဓသာသနာတော်ကြီးကို အားပေးချီးမြှောက်နိုင်ကြပါစေ။ နိုင်ငံတော်အစိုးရမင်းများကလည်း နှစ်စဉ်မပျက် ဆက်လက်ပြီး အားပေးချီးမြှောက်နိုင်ကြပါစေ။

မြန်မာနိုင်ငံမှာသာမက ကမ္ဘာမှာပင် ကျော်ကြားသည့် လယ်တီဆရာတော်ဘုရား အားထုတ်ပုံလေးကို အနည်းငယ်ပြောပါမည်။

လယ်တီဆရာတော်ဘုရားဟာ ပါဠိတော်(ဘုရားဟော)စာအုပ် ၄၀ကို တစ်အုပ်ချင်း အကုန်ကြည့်ရှုပါသည်။ ထို့နောက် ပါဠိတော် အုပ်ရေ ၄၀နှင့် ၄င်းတို့၏ အဖွင့်အဋ္ဌကထာ အုပ်ရေ ၅၁အုပ်တို့ကို သူ့ပါဠိတော်နှင့် သူ့အဋ္ဌကထာတွဲတွဲပြီး စာအုပ်ရေ (၄၀+၅၁= ၉၁)အုပ်ကို တစ်ခေါက်ကြည့်ရှုပါသည်။ ထို့နောက် ၄င်းပါဠိတော်အုပ်ရေ ၄၀+ အဋ္ဌကထာ ၅၁+၄င်းတို့၏ အဖွင့်ဋီကာ ၃၇ပေါင်း ၁၂၈တို့ကို ပါဠိ အဋ္ဌကထာ ဋီကာ တွဲတွဲပြီး တစ်ခေါက်ကြည့်ပါသည်။ ၄င်းနောက် လယ်တီဆရာတော်ဟာ တရားသဘောတွေကို သဘောပေါက်သွားပါတော့သည်။

လယ်တီဆရာတော်လိုပင် ယခုတိပိဋကဓရ၊ တိပိဋကကောဝိဒ စာအောင်အရှင်မြတ်များသည်လည်း ယခုရပြီး၊ အောင်ပြီးစာပေ တို့သာ မကျေနပ်သေးဘဲ ဘုရားဟောပါဠိတော်တွေ အုပ် ၄၀အားလုံး၊ ၄င်းအဖွင့်အဋ္ဌကထာတွေအားလုံး ၅၁အုပ်၊ ဋီကာအားလုံး ၃၇အုပ်တို့ကို အခေါက်ခေါက်အခါခါကြည့်ရှုချပို့ပြီး သာသနာတော်မြတ်ကြီးကို ချီးမြှောက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းပြီး ဆရာတော်၏ သမ္မောဒနီယသာရဏီယ ဩဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်အပ်ပါသတည်း။ ။

❍ *ကျောဖုံးမှ*

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီးဉာဏ်ထွန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး အုန်းမြင့်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်ဝန်နှင့် ၄င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီး အကဲများ၊ ရန်ကုန်တိုင်းနှင့် ခရိုင်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ သာသနာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ဘာသာရေး အသင်းအဖွဲ့ဝင်များ၊ စာအောင် သံဃာတော် အရှင်မြတ်များ၏ တပည့်ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များနှင့် အထူးဖိတ်ကြား ထားသူများ တက်ရောက်ကြည်ညိုကြသည်။

စာအောင်သံဃာများဆိုင်းဘုတ်ကို ကိုင် ဆောင်လျက် တိပိဋကဓရ၊ တိပိဋကကောဝိဒ အောင် သာသနာ့အာဇာနည် တစ်ပါး၊ မူလ အဘိဓမ္မကောဝိဒအောင် သာသနာ့အာဇာနည် တစ်ပါး၊ မူလ အာဘိဓမ္မိကအောင် သာသနာ့ အာဇာနည် တစ်ပါး၊ ဒီဃနိကာယကောဝိဒ အောင် သာသနာ့အာဇာနည် နှစ်ပါး၊ ဒီဃ ဘာဏကအောင် သာသနာ့အာဇာနည် ငါးပါး၊ ဝိနယကောဝိဒအောင် သာသနာ့ အာဇာနည် သုံးပါး၊ ဝိနယဓရအောင် သာသနာ့အာဇာနည် ၂၄ပါး၊ ဥဘတောဝိဘင်္ဂ ကောဝိဒအောင် သာသနာ့အာဇာနည် ခုနစ် ပါးနှင့် ဥဘတောဝိဘင်္ဂဓရအောင် သာသနာ့ အာဇာနည် ၄၇ပါး စုစုပေါင်း သာသနာ့ အာဇာနည် အရှင်မြတ် ၉၁ပါးတို့အား ပန်းမိုးရွာလျက် ပင့်ဆောင်လာသည်။

ယင်းသို့ ပင့်ဆောင်ချိန်တွင် နိုင်ငံတော် မင်္ဂလာဆိုင်းအဖွဲ့က ဓမ္မပူဇာတေးဖြင့် ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ပူဇော်ကြ သည့်အပြင် အခမ်းအနားသို့ တက်ရောက် လာကြသည့် ပရိသတ်တို့ကလည်း ဆရာ တော်၊ သံဃာတော် အရှင်မြတ်များအား ရိုသေညွတ်တွား လက်အုပ်ချီမိုး၍ ရှိခိုးပူဇော် ကြသည်။

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင် (၆၂)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတွင် သာသနာရေးဆိုင်ရာများကို လျှောက်ထားစဉ်။ (သတင်းစဉ်)

ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်း အနား မစတင်မီ နံနက် ၇နာရီ မိနစ်၄၀တွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော် ကြီးများ၊ တိပိဋကဓရ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋက ကောဝိဒ ဆရာတော်များနှင့် စာအောင် သာသနာ့အာဇာနည် သံဃာတော်များအား မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး အတွင်းရှိ သံဃာစင်ပေါ်သို့ မင်္ဂလာ နတ် လမ်းအတိုင်း ပင့်ဆောင်ကြရာ သာသနာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများက သာသနာ့ အလံတော်ကို ကိုင်ဆောင်၍ လည်းကောင်း၊ အောင်သပြေစိုက် ငွေဖလားကိုပိုက်၍ လည်း ကောင်း၊ နိုင်ငံတော် သံဃမဟာနာယက ဆိုင်းဘုတ်ကို ကိုင်ဆောင်၍လည်းကောင်း နိုင်ငံတော် သံဃမဟာနာယက ဆရာတော် ကြီးများအား ပင့်ဆောင်ကြသည်။

ဆက်လက်၍ တာဝန်ရှိသူတစ်ဦးက တိပိဋကဓရ ဩဝါဒါစရိယ ဆရာတော်များ ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် တိပိဋက ဓရ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယ ဆရာတော်ကြီးများအား ပင့်ဆောင်သည်။

ယင်းနောက် တာဝန်ရှိသူတစ်ဦးက တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆိုင်းဘုတ် ကို ကိုင်ဆောင်လျက် တိပိဋကဓရ၊ တိပိဋက ကောဝိဒ ဆရာတော်များအား ပင့်ဆောင် သည်။

ပင့်ဆောင်

ဆက်လက်၍ တာဝန်ရှိသူတစ်ဦးက

ဖတ်ကြားလျှောက်ထား

ထို့နောက် နံနက် ၈နာရီတွင် (၆၂) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋက ကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားကို စတင်ကျင်းပရာ အခမ်း အနားမှူးအဖြစ် သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များ ကို ဖတ်ကြားလျှောက်ထားသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော် အရှင်မြတ်များနှင့် ပရိသတ်တို့က နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး အနုပညာ ဦးစီးဌာနမှ နိုင်ငံတော်ရွှေတံဆိပ်ဆုများရှင် ခိုင်ဇင်ရွှေက စောင်းဦးသက်ဝေ၊ ထွန်းဝဏ္ဏ စိုးတို့နှင့် တွဲဖက်၍ ဗုဒ္ဓရောင်ခြည်တော်ဘွဲ့ ထူးမခြားနားသီချင်းခံဖြင့် သီဆိုပူဇော်ကာ လိုဏ်ဂူတော်ပတ်လည်ရှိ ခေါင်းလောင်း ၁၀၈လုံးကို တစ်ပြိုင်တည်း ကိုးကြိမ် ထိုးခတ် ပူဇော်ကြသည်။

ငါးပါးသီလခံယူဆောက်တည်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ အမှူး ပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်တို့သည် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါ စရိယအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ပေါက်မြိုင် ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဝံသာဘိဝံသ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြ သည်။

ထို့နောက် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့၏ သမ္မောဒနီယသာရဏီယ ဩဝါဒကထာကို နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေး မြို့ ဇမ္ဗူမော်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ (ဝဋ္ဋံသကာ-ပါဠိ သိရောမဏိ)က ဖတ်ကြားတော်မူသည်။

(နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၏ သမ္မောဒနီယသာရဏီယ ဩဝါဒကထာ ကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေး ဆိုင်ရာများကို လျှောက်ထားရာတွင် ယနေ့ ကျင်းပသည့် (၆၂)ကြိမ်မြောက် တိပိဋက ဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားကြီးသို့ ကြွရောက်ချီးမြှင့်တော် မူကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋက ကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မ ဘဏ္ဍာဂါရိက ဆရာတော်များ၊ စာထောက် စာမ ဆရာတော်များနှင့် စာမေးပွဲအောင် သာသနာ့အာဇာနည် အရှင်သူမြတ်အပေါင်း တို့အား စုံညီစွာ ဖူးမြော်ကြည်ညိုခွင့်၊ ပူဇော် ချီးမြှောက်ခွင့်ရရှိပါသဖြင့် သမဏာနဉ္စ ဒဿန မင်္ဂလာ၊ ပူဇာစ ပူဇနေယျ မင်္ဂလာ အစဖြာသော ကောင်းမြတ်ချမ်းသာ ဘေးရန် ကွာသည့် မင်္ဂလာတရားတော်အဖုံဖုံ ပြည့်စုံ ရ၍ ကိုယ်စိတ်နှစ်ဖြာ ကြည်သာချမ်းမြေ့ရပါ ကြောင်း။

အရေးကြီး

မွန်မြတ်သန့်စင် မြဲမြံသောသီလ၊ ခိုင်ကျည်တည်တံ့သော သမာဓိ၊ ဝေဖန်စိစစ် အနှစ်အတိဖြစ်သော ပညာဟူသည့် သိက္ခာ သုံးရပ်တို့ဖြင့် ထွန်းတောက်ပဝင်း ကောင်း ခြင်းအဖြာဖြာတို့နှင့် ပြည့်စုံလှသည့် မြတ် ဗုဒ္ဓ၏ အံ့ဖွယ်ရှစ်ဖြာ သာသနာတော်မြတ် ကြီး အရှည်ခံ့လျက် တည်တံ့တော်မူနိုင် ရေးမှာ အထူးပင်အရေးကြီးလှပါကြောင်း။

မြတ်စွာဘုရားရှင်၏ သာသနာတော် မြတ်သုံးရပ်တွင် သင်ယူလေ့ကျက် မှတ်သား နာယူ လိုက်နာအပ်သော ပရိယတ္တိသာသနာ တော်သည် အခြေခံကျလျက် အရေးကြီးလှ ပါကြောင်း၊ ပရိယတ္တိသာသနာတော် တောက်ထိန်ဝင်းဝင်း ထွန်းလင်းပါမှ ကျင့်ကြံကြိုးကုတ် အားထုတ်ပွားများရသော ပဋိပတ္တိသာသနာတော်၏ ဖူးငုံပွင့်သီး အကျိုးမြတ်ထူးကြီးဖြစ်သည့် မဂ်ဖိုလ်နိဗ္ဗာန် တည်းဟူသော ပဋိဝေဓ သာသနာတော် တို့သည် ပွင့်ထွန်းဝေစည်လာနိုင်မည်ဖြစ်ပါ ကြောင်း။

အားထုတ်ကျင့်ကြံ

ဗုဒ္ဓသာသနာတော်မြတ်ကြီး ထွန်းကား တိုးတက်ဆုံး နိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့ အလယ်၌ ဝင့်ထည်နေသော ဘုရားတပည့် တော်တို့၏ ပြည်ထောင်စု မြန်မာနိုင်ငံ တော်ကြီးတွင် ငါးသိန်းကျော်မျှသော ထေရ်ရှင်သံဃာတော်များသည် မူလဘုတ အရင်းခံကျသည့် ပရိယတ္တိသာသနာတော် မြတ်ကြီးကို ပဋိပတ္တိ အထောက်အကူယူ လျက် ကြိုးစားသင်ခံ ကျက်အံ့ကြံကြည့် မှတ်သိဆည်းပူးကြပြီး ပရိယတ္တိမကင်းသော ပဋိပတ္တိသာသနာတော်မြတ်ကို အားထုတ် ကျင့်ကြံရင်း တိုးတက်ထွန်းကားအောင် ဆောင်ရွက်တော်မူနေကြပါကြောင်း။

အင်္ဂုတ္တိုရ်ပါဠိတော်၊ သဒ္ဓမ္မဝဂ်၊ ပဌမ သဒ္ဓမ္မ သမ္မောသသုတ်တွင် သူတော်ကောင်း တရား မပျောက်မပျက် တည်တံ့ရန်

စာမျက်နှာ ၆ ကော်လံ ၁

နိုင်ငံတကာလုံခြုံရေး အစီအစဉ်မြှင့်တင်ရန် တောင်ကိုရီးယားနှင့်အီတလီ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ဆိုးလ် မေ ၈

တောင်ကိုရီးယားနှင့် အီတလီနိုင်ငံတို့သည် နိုင်ငံတကာလုံခြုံရေးအစီအစဉ်များ မြှင့်တင်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာတစ်စောင်ကို လက်မှတ်ရေးထိုးလိုက်ကြကြောင်း မေ ၇ရက်တွင် အမျိုးသားရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

တိုးမြှင့်ဆောင်ရွက်

ဥရောပနိုင်ငံတစ်နိုင်ငံနှင့် တောင်ကိုရီးယားတို့အကြား ပထမဆုံးလက်မှတ်ရေးထိုးသည့် နားလည်မှုအရ ဂိုဏ်းဖွဲ့ရာဇဝတ်မှုကျူးလွန်ခြင်းနှင့်တကွ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် နှစ်နိုင်ငံသတင်းဖလှယ်ပြီး လုံခြုံရေးအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ပိုမိုချမှတ်ဆောင်ရွက်

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ လာမည့်နိုဝင်ဘာလတွင်ကျင်းပမည့် အုပ်စု-၂၀(ဂျီ-၂၀) ထိပ်သီးအစည်းအဝေး၌ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို ဤနားလည်မှုစာချွန်လွှာက ပိုမိုချမှတ်ဆောင်ရွက်ပေးမည်ဖြစ်သည်ဟုဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နိုင်ဂျီးရီးယားသမ္မတကွယ်လွန်ပြီးနောက် သမ္မတအဖြစ် ဂွန်နသန် ကျမ်းသစ္စာကျိန်ဆို

အဘူဂျာ မေ ၈

နိုင်ဂျီးရီးယားယာယီသမ္မတ ဂွတ်လပ်ဂွန်နသန်သည် သမ္မတအူမာရုယာအဒူယာ ကွယ်လွန်သွားပြီးနောက်ပိုင်း မေ ၆ရက်တွင် တရားဝင်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုကြောင်း နိုင်ဂျီးယားအစိုးရအဖွဲ့ ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားသည်။



နိုင်ဂျီးရီးယား သမ္မတ ဂွတ်လပ်ဂွန်နသန်

နိုင်ဂျီးရီးယားသမ္မတသစ် ဂွန်နသန်သည် သမ္မတအိမ်တော်တွင် ထိပ်တန်း အစိုးရအရာရှိသစ်များနှင့် တွေ့ဆုံကာ ရုယာအဒူယာ၏ ဈာပနကိစ္စကို စီစဉ်သည်။

လွှဲပြောင်း

ဂွန်နသန်သည် ဒုတိယသမ္မတတာဝန်ကို စွန့်လွှတ်၍ နိုင်ဂျီးရီးယားတပ်ဖွဲ့ဦးစီးချုပ်အား တာဝန်လွှဲပြောင်းပေးမည် ဖြစ်သည်။

ကွယ်လွန်ခဲ့

ရုယာအဒူယာသည် နိုင်ဂျီးရီးယားနိုင်ငံ မြို့တော်အဘူဂျာမြို့ရှိ ၄င်း၏အစိုးရနေအိမ်တွင် မေ ၅ရက် ည ၉နာရီခန့်တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်ဟုလည်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နိုင်ငံအတွင်းအကြမ်းဖက်မှုနှင့် လုံခြုံရေးမတည်ငြိမ်မှု ပါကစ္စတန်နိုင်ငံ၏ စီးပွားရေးထိခိုက်

အစ္စလမ္မာဘတ် မေ ၈

ပါကစ္စတန်နိုင်ငံ၏ စီးပွားရေးကျဆင်းမှုသည် ကမ္ဘာ့စီးပွားရေး အကျပ်အတည်း၏ အကျိုးသက်ရောက်မှုကြောင့်သာ မဟုတ်ဘဲ နိုင်ငံတွင်း အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဆက်နွှယ်သည့် အရှိန်မြင့်လာသော ပဋိပက္ခဖြစ်မှုများနှင့် လုံခြုံရေး မတည်မငြိမ်ဖြစ်မှုများကြောင့်လည်း ဖြစ်ရသည်ဟု ကုလသမဂ္ဂ၏ အစီရင်ခံစာ၌ဖော်ပြထားကြောင်းကို မေ ၇ ရက်တွင် မီဒီယာများက သတင်းထုတ်ပြန်သည်။

စက်မှုလုပ်ငန်း အထူးသဖြင့် အကြီးစားစက်မှုကုန်ထုတ်ကဏ္ဍမှာ နိုင်ငံတကာ ဝယ်လိုအားကျဆင်းမှုဒဏ်ကို အဆိုးရွားဆုံး ခံစားရပြီး တစ်ချိန်တည်းမှာပင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့်လည်း ကြုံတွေ့နေရသည်ဟု ကုလသမဂ္ဂ၏ အာရှ-ပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင်က ဖော်ပြသည်။

ကျဆင်း

ပါကစ္စတန် နိုင်ငံ၏ ငွေကြေး ဖောင်းပွမှုမှာ စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်မှုကြောင့် ၂၀၀၈ခုနှစ်တွင် ၁၂ ရာခိုင်နှုန်းရှိရာမှ ၂၀၀၉ ခုနှစ်တွင် ၂၀.၃သမ၈ ရာခိုင်နှုန်း အထိတက်ကာ တစ်ချိန်တည်းတွင် တိုင်းပြည်၏ ပြည်တွင်းကုန် ထုတ် လုပ် မှု မှာ ၂၀၀၈ခုနှစ်တွင် ၄.၁သမ ၁ရာခိုင်နှုန်းရှိရာမှ ၂၀၀၉ ခုနှစ်တွင် ၂ ရာခိုင်နှုန်း အထိ ကျဆင်းခဲ့ကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

စပိန်နိုင်ငံမြောက်ပိုင်း လီအွန်မြို့၌ နှင်းမုန်တိုင်း တိုက်ခတ်ပြီးနောက် ရထားလမ်းများတွင် ဖုံးအုပ်နေသည့် ဆီးနှင်းများအား ရှင်းလင်းဖယ်ရှားနေသည်ကို မေ ၇ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

အာဖဂန်၌ ရေလွှမ်းမှု လူ ၆၀ သေဆုံး

ကဘူးလ် မေ ၈

အာဖဂန်နစ္စတန်နိုင်ငံတွင် မိုးသည်းထန်ပြီး ရေလွှမ်းမှုကြောင့် လူပေါင်း ၆၀ ခန့် သေဆုံးခဲ့ကြောင်း ပုဂ္ဂလိက ရုပ်မြင်သံကြားဌာနက မေ ၇ရက်က သတင်းထုတ်ပြန် ကြေညာသည်။

ရေလွှမ်း

မိုးသည်းထန်ပြီးရေလွှမ်းလာမှုကြောင့် အိမ်ခြေ ၆၀၀ခန့် ပျက်စီးဆုံးရှုံးခဲ့ရပြီး ရေထဲသို့ မျောပါသွားကြောင်း ကြေညာသည်။ လွန်ခဲ့သည့် ရက်သတ္တပတ်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အနောက်ဘန်ဂလန်ပြည်နယ်၊ ဘက်ခ်ပြည်နယ်၊ ဂျော်ဇန်ပြည်နယ်၊ အရှေ့မြောက်ပိုင်း ဘန်ဒီပြည်နယ်နှင့် အရှေ့ပိုင်းဟာ့ခ်ပြည်နယ်တို့၌ ရေလွှမ်းခဲ့သည်။ **(အင်တာနက်)**

အာဖဂန်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားရေး ဩစတြေးလျတပ်ဖွဲ့ တာဝန်ပြီးဆုံး

ကင်ဘာရာ မေ ၈

ဩစတြေးလျအထူးတပ်ဖွဲ့က အာဖဂန်တပ်ဖွဲ့ဝင် ၁၂ဦးအား သီတင်းလေးပတ်ကြာ လေ့ကျင့်သင်ကြားမှုအစီအစဉ်မှာ မေ ၇ရက်၌ ပြီးဆုံးကြောင်း ဩစတြေးလျမီဒီယာက သတင်းထုတ်ပြန်သည်။

လေ့ကျင့်သင်ကြား

အာဖဂန်တပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးကိစ္စရပ်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် လက်တွေ့လုပ်ဆောင်ချက်များကို လေ့ကျင့်သင်ကြားပေးခဲ့သည်ဟု လေ့ကျင့်သင်ကြားရေးဆိုင်ရာ ဩစတြေးလျအထူးတပ်ဖွဲ့မှ ဗိုလ်ချုပ်တစ်ဦးက ပြောကြားသည်။

တိုးတက်ကောင်းမွန်

သင်တန်းတက်ရောက်မှု ပြီးဆုံးသည့် တပ်ဖွဲ့ဝင်များသည် ဥရုဇ်ဂန်ပြည်နယ် ရဲတပ်ဖွဲ့မှဖြစ်ပြီး ၄င်းတို့သည် အဆိုပါသင်တန်းကို ဒုတိယအကြိမ်မြောက်တက်ရောက်ခွင့် ရရှိကြသူများဖြစ်သည်ဟု ဆိုသည်။ အာဖဂန်အစိုးရအဖွဲ့သည် နိုင်ငံအတွင်း လုံခြုံရေး တိုးတက်ကောင်းမွန် လာစေရန် ရည်ရွယ်၍ ယင်းကဲ့သို့ သင်တန်းဖွင့်လှစ် သင်ကြားပေးရခြင်းဖြစ်သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကျောက်ဖြစ်ရုပ်ကြွင်း

အမေရိကန်နိုင်ငံ လော့အိန်ဂျလိစ်မြို့ရှိ သဘာဝသမိုင်းပြတိုက်၌ ပြသထားသော ဆင်ဦးခေါင်း ကျောက်ဖြစ်ရုပ်ကြွင်းကို မေ ၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ယိုစိမ့်ရေနံမီးလောင်

မက္ကဆီကို ပင်လယ်ကွေ့အတွင်း ယိုစိမ့်နေသည့် ရေနံများ မီးလောင်နေသည်ကို မေ ၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ငှက်ဖျားရောဂါတိုက်ဖျက်ရေး အာဖရိကတွင် အစီအစဉ်သစ် ချမှတ်ဆောင်ရွက်

ဒါရက်စလမ် မေ ၈

အာဖရိက ၂၆ နိုင်ငံမှ ခေါင်းဆောင်များသည် ခြင်ထောင်များ၊ ခြင်နိုင်ပိုးသတ်ဆေးများနှင့် ဆေးဝါးများကို အသုံးပြုကာ ငှက်ဖျားရောဂါနှိမ်နင်းရေးလုပ်ငန်း ပြုလုပ်သွားရန် အစီအစဉ်သစ်တစ်ရပ် ချမှတ်ဆောင်ရွက်နေပြီဖြစ်ကြောင်း တန်ဇန်းနီးယားသမ္မတ ဂျာကာယာကိဝိတ်က မေ ၇ ရက်တွင် ပြောကြားလိုက်သည်။

ပြောကြား

ငှက်ဖျားရောဂါကြောင့် ကမ္ဘာတစ်ဝန်း နှစ်စဉ်လူတစ်သန်းခန့် သေဆုံးနေရကြောင်း၊ ယင်းသေဆုံးသူများအနက် ၈၅ရာခိုင်နှုန်းသည် အာဖရိကတိုက်မှ ဖြစ်ကြောင်းဖြင့်လည်း တန်ဇန်းနီးယားသမ္မတက ပြောကြားသည်။

ခြင်နိုင်ဆေး

အကယ်၍ မိမိတို့အနေဖြင့် အာဖရိကတိုက်တွင် ယခုနှစ်ကုန်ပိုင်း၌ လူတိုင်းကို ခြင်ထောင်၊ ခြင်နိုင်ပိုးသတ်ဆေးနှင့် ဆေးဝါးများ ဖြန့်ဖြူးပေးနိုင်မည်ဆိုပါက အာဖရိကတိုက်တွင် ၂၀၁၅ခုနှစ်၌ ငှက်ဖျားရောဂါကြောင့်သေဆုံးသူ လုံးဝနီးပါးရှိမည်မဟုတ်ကြောင်း ငှက်ဖျားရောဂါ ကာကွယ်ကုသရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ရေချမ်ဘတ်စ်က ပြောကြားသည်။

ငှက်ဖျားရောဂါ ကာကွယ်တိုက်ဖျက်ရေးဆိုင်ရာ အစီအစဉ်ကြောင့် ဇမ်ဇီဘာကျွန်းစုတွင် ငှက်ဖျားရောဂါဖြင့် သေဆုံးသူ ၄၀ ရာခိုင်နှုန်းမှ ၁ရာခိုင်နှုန်းအထိ လျော့ကျသွားခဲ့ကြောင်းဖြင့်လည်း တန်ဇန်းနီးယားသမ္မတက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ပီရူးနှင့်ချီလီ ပုံမှန်ဆက်ဆံရေး ကြိုးပမ်း

စန်တီယာဂို မေ ၈

ပီရူးနှင့်ချီလီအစိုးရတို့က နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်ရှင်သန်လာစေရန် မေ ၆ရက်က သဘောတူညီကြသည်။ အဆိုပါ နှစ်နိုင်ငံက သည်ဟိတ်မြို့ရှိ နိုင်ငံတကာတရားရုံးတွင် ရေကြောင်းနယ်စပ်မျဉ်း သတ်မှတ်ရန်ကိစ္စအပေါ် ပြန်လည်သုံးသပ်ရန် ပီရူးအစိုးရက တောင်းဆိုမှုကြောင့် နှစ်နိုင်ငံ၏ ဆက်ဆံရေးသည် တစ်နှစ်ကျော်ခန့် ယိမ်းယိုင်ခဲ့ရသည်။

ပြန်လည်ပြင်ဆင်

သမ္မတဆီဘာစတီယန်ပင်နရာ ဦးဆောင်သည့် ချီလီအစိုးရသစ် မတ် ၁ ရက်တွင် ပေါ်ပေါက်ခဲ့ပြီးနောက် နှစ်နိုင်ငံ ပုံမှန်ဆက်ဆံရေး ပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်။ အာဂျင်တီးနားနိုင်ငံတွင်ကျင်းပမည့် တောင်အမေရိကနိုင်ငံများသမဂ္ဂ ထိပ်သီးအစည်းအဝေးတွင် ပီရူးနှင့်ဆက်ဆံရေး ပြန်လည်ပြင်ဆင်ရန် ပင်နရာကထုတ်ဖော်ပြောကြားသည်ဟု ပီရူးနိုင်ငံခြားရေးဝန်ကြီး ဂျိုဆေးဂါစီယာဘလွန်ဒီက မေ ၆ ရက်၌ ပြောကြားသည်။ ***(အင်တာနက်)***

ကွတ်ခိုင်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

DTH စလောင်းနှင့် ရုပ်မြင်သံကြားပြစက်လှူဒါန်း

မူဆယ် မေ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် နိမ်လွန်ခိုမုန်းကျေးရွာ အပြုံးပန်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက် နံနက် ၁၁နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကွတ်ခိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ငွေငွေဝင်းနှင့်ကျေးရွာဥက္ကဋ္ဌ ဦးကျီးခင်တို့က အပြုံးပန်းစာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

လွှဲပြောင်းပေးအပ်

ထို့နောက် မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးက နိုင်ငံတော်ပံ့ပိုးငွေနှင့် ကျေးရွာမှလှူဒါန်းငွေ စုစုပေါင်းကျပ် ၂၂သိန်းဖြင့် စာကြည့်တိုက်ဆောက်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး စာကြည့်တိုက်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ကျေးရွာတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးမှပေးအပ်လှူဒါန်းထားသော DTH စလောင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ရုပ်မြင်သံကြားပြစက်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာ အလှူရှင်များက စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

အဆိုပါ စာကြည့်တိုက်သည် အလျား ၂၄ပေ၊ အနံ ၁၄ပေ၊ အမြင့် ၁၅ပေ၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း RC အမျိုးအစားဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဟသ်ာတ၌ ငါးသယံဇာတထိန်းသိမ်းရေး

ပညာပေးပိုစတာ စိုက်ထူပွဲကျင်းပ

ဟသ်ာတ မေ ၈

ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ဟသ်ာတခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးပိုစတာစိုက်ထူပွဲကို မေ ၄ရက် နံနက် ၉ နာရီက ဟသ်ာတမြို့နယ် ကမ်းနားကြီးဆိပ်ကမ်း၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ဟသ်ာတခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိန်သောင်းက ငါးသယံဇာတထိန်းသိမ်းရေးအတွက် ဟသ်ာတမြို့နယ် ခေါင်းဆေးကျွန်းဧရိယာသည် ဧရာဝတီမြစ်နှင့်တစ်ဆက်တည်းရှိပြီး ဧရာဝတီမြစ်မှ ငါးရစ်ငါးသန်ရာသီကာလတွင် ဥချသားပေါက်ခြင်းနှင့် ရှင်သန်ကြီးထွားရာနေရာဖြစ်သဖြင့် ဖမ်းဆီးခြင်းများမရှိစေဘဲ ဘေးမဲ့ဧရိယာအဖြစ် မေလမှ ဩဂုတ်လအထိ လေးလသတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

တက်ရောက်

ဆိုင်းဘုတ်စိုက်ထူပွဲအခမ်းအနားသို့ ဟသ်ာတခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိန်သောင်းနှင့် မြို့နယ်ဦးစီးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရေလုပ်ငန်းလုပ်ကိုင်သူများ တက်ရောက်ကြသည်။ (၁၇၇)

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မစည်ပင်ဈေးကြီး သန့်ရှင်းသာယာလှပစေရေးအတွက် ဒုတိယဦးစီးမှူး(အခွန်)ဦးသန့်ဇင်ဦး ဦးဆောင်သော စည်ပင်ဝန်ထမ်းများက ရေမြောင်းများတူးဖော်ခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းကို အပတ်စဉ် စုပေါင်းဆောင်ရွက်ကြစဉ်။ (၁၅၂)

မင်းတပ်၌ ရှိမှီအလင်းစာကြည့်တိုက်ဖွင့်

မင်းတပ် မေ ၈

ချင်းပြည်နယ်မင်းတပ်မြို့နယ်ကြို့နာမ် ကျေးရွာ ရှိမှီအလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၉ရက် နံနက် ၈နာရီက အဆိုပါစာကြည့်တိုက်အဆောက်အအုံ၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် မင်းတပ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလိန်းကီးနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင်လုံတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါအဆောက်အအုံမှာ ၂၁ပေ× ၁၅ ပေရှိပြီး ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး နှစ်ထပ် ဖြစ်ကာ စာကြည့်တိုက်ပိုင် မြေပေါ်တွင် ဆောက်လုပ်သော အဆောက်အအုံဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မီး သတိပြု

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၂၈)ရပ်ကွက် အောင်သီရိ ၃လမ်း အမှတ် ၁၃နေ ဦးဘစိုး-ဒေါ်သန်း မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် ၁၀သိန်း လှူဒါန်းရာ ဒေါက်တာဦးလှမြင့်အောင်နှင့် အုပ်ချုပ်ရေးမှူး ဦးပြုံးတို့က လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ဖင်လန်၌ ဇီဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဖွင့်လှစ်

ဖင်လန်နိုင်ငံတောင်ပိုင်းတွင် အကြီးဆုံးဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံဖွင့်ပွဲပြုလုပ်ပြီး ယခုအခါ တရားဝင်စတင်လည်ပတ်နေပြီဖြစ်ကြောင်း ဖင်လန်မီဒီယာများက မေ၇ရက်၌ ဖော်ပြကြသည်။

ကုလငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် အီဂျစ်နှစ်ဦးသေဆုံး

ကုလသမဂ္ဂ ဒါဖာဒေသဆိုင်ရာ အာဖရိကသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ (ယူအင်န်-အမစ်)မှ အီဂျစ်တပ်ဖွဲ့ဝင်နှစ်ဦး ဒါဖာဒေသတွင် မေ၇ရက်က သေဆုံးပြီး အခြားသုံးဦး ဒဏ်ရာရရှိသွားကြောင်း ယူအင်န်-အမစ်ကကြေညာသည်။

ရုရှား ဗဟိုအားကစားပြတိုက် ပြန်လည်ဖွင့်လှစ်

ရုရှားအစိုးရအနေဖြင့် ၁၀နှစ်ကြာ ပိတ်ထားခဲ့သော ဗဟိုအားကစားပြတိုက်ကို မေ ၇ရက်ကပြန်လည် ဖွင့်လှစ်ခဲ့ကြောင်း၊ အဆိုပါပြတိုက်ကို ၁၉၈၇ခုနှစ်အတွင်း စတင်ဖွင့်လှစ်ခဲ့ပြီး ရုရှားနိုင်ငံ၏ အားကစားဖွံ့ဖြိုးတိုးတက်လာပုံအဆင့်ဆင့်နှင့် အားကစားသမားများ၏ ကိုယ်ရေးဖြစ်စဉ် အကြောင်းအရာများကို ပြသထားကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

နေတိုးလုပ်ငန်းတွင် ရိုမေးနီးယားတပ်မတော် တက်ကြွစွာပါဝင်

ကမ္ဘာ့စီးပွားရေး အကျပ်အတည်း ကြုံတွေ့နေသည့်တိုင်အောင် ရိုမေးနီးယားတပ်မတော်အနေဖြင့် နေတိုးအဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း ရိုမေးနီးယားကာကွယ်ရေးဝန်ကြီး ဂါဘရီယယ်အိုပရီးယားက နေတိုးအတွင်းရေးမှူးချုပ် အင်ဒါးစ်ဖော့ရောမတ်ဆင်နှင့် မေ ၇ရက်က တွေ့ဆုံပြောကြားလိုက်သည်။

ဒါဂျက်စတန်၌ဗုံးပေါက်ကွဲ တစ်ဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

ရုရှားနိုင်ငံ မြောက်ကော့ကေးဆပ်ဒေသ ဒါဂျက်စတန်ပြည်နယ် ရထားလမ်းဆုံတွင် မေ ၇ ရက်က ဗုံးပေါက်ကွဲသဖြင့် အမျိုးသမီးတစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ရထားရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောကြားသည်။ ***(အောက်ပုံ)***

ယီမင်ငါးဖမ်းသင်္ဘော ဆိုမာလီပင်လယ်ဓားပြများဖမ်းဆီး

ဆိုမာလီပင်လယ်ဓားပြများက ယီမင်ကမ်းလွန်ပင်လယ်တွင် သင်္ဘောသားခုနစ်ဦး လိုက်ပါသည့် ယီမင်ငါးဖမ်းသင်္ဘောတစ်စင်းကို အပိုင်စီးလိုက်ကြောင်း ယီမင်ကာကွယ်ရေးဝန်ကြီးဌာနက မေ ၇ ရက်၌ ကြေညာသည်။

အစွရေးနှင့် ပါလက်စတိုင်း ဆွေးနွေးပွဲ စတင်တော့မည်

အမေရိကန်အဆိုပြုသည့် အစ္စရေးနှင့် ပါလက်စတိုင်းငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးပွဲမှာ ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့(ပီအယ်လ်အို) အမှုဆောင်ကော်မတီက အတည်ပြုပြီးလျှင် မေ ၈ရက် သို့မဟုတ် ၉ရက်တွင် စတင်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပါလက်စတိုင်း သတင်းရပ်ကွက်က မေ ၇ ရက်တွင် ပြောကြားသည်။

အနာဂတ် အမေရိကန်ကမ်းလွန်ရေနံတူးဖော်ရေး မရေရာ

အမေရိကန်နိုင်ငံ လူဝီစီယားနားပြည်နယ်ကမ်းလွန် ရေနံတွင်းတူးစင်ပေါက်ကွဲမီးလောင်မှုကြောင့် ပင်လယ်ထဲသို့ ရေနံများယိုစိမ့်မှုပြဿနာကို အမေရိကန်အာဏာပိုင်များ ကိုင်တွယ်ဖြေရှင်းနေကြရစဉ် ယင်းပြဿနာကြောင့် အနာဂတ်ကမ်းလွန်ရေနံရှာဖွေရေး အစီအစဉ်ကို ထိခိုက်မှု ရှိ မရှိ ကွဲကွဲပြားပြား မသိရသေးဟုဆိုသည်။

ယီမင် မိုးသည်းထန် ရေလွှမ်း၍ ခုနစ်ဦးသေဆုံး

ယီမင်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းသည့်အတွက် ဆာနားမြို့တော်တွင် ကလေးငယ်တစ်ဦးအပါအဝင် ခုနစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာ ရခဲ့ကြောင်း၊ မေ ၇ ရက်က အရေးပေါ်အခြေအနေကြေညာလိုက်ကြောင်း သိရသည်။

(အင်တာနက်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အဘိဓမ္မာရှေ့ပိုင်း အာဂုံအောင် မူလ အာဘိဓမ္မိက ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်း မုံရွာမြို့ ရွှေတောင်ဦး တိပိဋကဓမ္မပါလ ကျောင်းတိုက်မှ အရှင်ပညိသရာလင်္ကာရအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ကို ဆက်ကပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တိပိဋကဓရ၊ တိပိဋကကောဝိဒ စာအောင် သံဃာတော်အရှင်မြတ်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လောင်းလှူစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

အကြောင်းတရားငါးမျိုးကို မြတ်စွာဘုရားရှင်က ဟောမိန့်ကြားတော်မူခဲ့ပါကြောင်း၊ ယင်းတို့မှာ- တရားတော်ကို ရိုသေစွာ ဟောကြားနာယူကြခြင်း၊ တရားတော်ကို ရိုသေစွာ သင်ကြားသင်ယူကြခြင်း၊ တရားတော်ကို နာယူသင်ကြားကြသည့်အတိုင်း ရိုသေစွာ မှတ်သိဆောင်ယူထားကြခြင်း၊ ဆောင်ယူထားကြသော တရားတော်တို့၏ အနက်အဓိပ္ပာယ်အနှစ်ချုပ်ကို ရိုသေစွာ ဉာဏ်ဖြင့် လေးလေးနက်နက် စူးစမ်းဆင်ခြင်ဝေဖန်ပိုင်းခြားကြခြင်း၊ အနက်အဓိပ္ပာယ်သဘောကိုသိ၍ တရားသဘောကို တည်ကြည်လေးနက်စူးစမ်းကာ (လောကုတ္တရာ) တရားအားလျော်သော အကျင့်မြတ်ကို ရိုသေစွာ ကျင့်ကြံကြိုးကုတ် အားထုတ်ကြခြင်းဟူသော အကြောင်းတရားငါးမျိုးတို့ ပြည့်စုံပါလျှင် သူတော်ကောင်းတရားများသည် မပျောက်မပျက် တည်တံ့ပြီး သာသနာတော်မြတ်ကြီးသည် ရောင်ရှိန်တိုးတက်မြင့်သည်ထက်မြင့်နေမည်သာ ဖြစ်ပါကြောင်း။

ကြိုးပမ်းအားထုတ်

ဗုဒ္ဓရှင်တော် မြတ်ဘုရားသည် သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် လူနတ်ဗြဟ္မာ သတ္တဝါအများ၏ အကျိုးစီးပွားအလို့ငှာ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို တည်ထောင်တော်မူခဲ့ပြီးနောက် အဓွန့်ရှည်ကြာစွာ တည်တံ့အောင် လက်ဆင့်ကမ်း ထမ်းဆောင်တော်မူခဲ့ကြသည့် အစဉ်အလာအတိုင်း ယခုကာလတိုင်အောင် ထေရ်အရှင်အပေါင်းသည် မဆုတ်မနစ် အားအသစ်သစ်တို့ဖြင့် စွမ်းဆောင်တော်မူကြပါကြောင်း။ ခိုင်ကျည်သော ယုံကြည်သိမှတ် ကြည်ညိုမှု-သဒ္ဓါအား၊ မမေ့မလျော့ မပေါ့မဆ ခိုင်မြဲစွာ အမှတ်ရမှု-သတိအား၊ ခိုင်ခံ့ထက်သန် မြဲမြံဖွဲ့သည်း လုံ့လကြီးမှု-ဝီရိယအား၊ တည်ကြည်ခံ့ခိုင် မယိုင်မစောင်း လမ်းကြောင်းမှန်မှု-သမာဓိအား၊ ခွဲခြမ်းစိတ်ဖြာ တိုင်းတာနှိုင်းဆ ဆင်ခြင်ဉာဏ်ထား- ပညာအား ဟူသော ခိုင်ဖြိုးစွမ်းအားဗလများနှင့် ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ဝ ဝန်တာ ဆောင်ရွက်ဖွယ်ရာများကို ကြိုးပမ်းအားထုတ် ထမ်းဆောင်တော်မူကြပါကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး ဒီဃနိကာယ်သုံးကျမ်း အာဂုံအောင် ဒီဃဘာဏက ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ပရိယတ္တိသာသနာတော်ကို အထူးအလေးထား ချီးမြှင့်ပူဇော်လျက်ရှိရာ အထူးသဖြင့် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကို ၁၉၄၈ခုနှစ်ကစ၍ ကျင်းပခဲ့ပြီး သာသနာ့အာဇာနည် မထေရ်မြတ်များကို ရွေးချယ်ဖော်ထုတ် ပူဇော်ခဲ့ပါကြောင်း။ သာသနာ့အာဇာနည်လောင်းလျာများသည် အာဂမ၊ သဘာဝ နှစ်ဝစွမ်းရည် ပါရမီအထူးရှိကြသော ပုဂ္ဂိုလ်များသာ ဖြစ်ပါကြောင်း။ သာသနာ့ အာဇာနည်လောင်းလျာများသည် ၃၃ရက်တိုင်တိုင် ကျင်းပသော တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ ပိဋကသုံးပုံ သင်ရိုးကျမ်းစာအုပ် ၂၀မှ ဆဌမူ စာမျက်နှာပေါင်း ၈၀၂၆ကို အထစ်အငေါ့မရှိ အဆင့်ဆင့် အာဂုံပြန်ဆိုပြီးမှသာ တိပိဋကဓရဘွဲ့ကို ခံယူရရှိတော်မူပါကြောင်း။ တစ်ဖန် ပိဋကသုံးပုံ ပါဠိတော် အုပ်ရေ ၂၀နှင့်တကွ ယင်းကျမ်းစာများ၏ အဖွင့်ကျမ်းများဖြစ်သည့် အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ နိဿယ၊ ဂဏ္ဌိ၊ အနုဂဏ္ဌိအစရှိသော ကျမ်းစာအုပ်ပေါင်း ၁၀၀ကျော်မှ ခဲရာခဲဆစ် အဓိပ္ပာယ်များကို သဘောရေးဖြေ စာမေးပွဲအောင်မြင်ပြီးပါမှ တိပိဋကကောဝိဒဘွဲ့ကို ဆက်ကပ်လှူဒါန်းပါကြောင်း။ သာသနာ့အာဇာနည်များ၏ ဘုန်းကံပါရမီ၊ ဉာဏ်ပညာစွမ်းရည်၊ မြင့်မားသော ဝီရိယ စွမ်းပကားတို့မှာ အံ့မခန်းလောက်အောင်ပင် ထူးခြား ထင်ရှားလှပါကြောင်း။

အောင်မြင်တော်မူ

(၆၂)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၃၇၁ ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ရက် (၁၃-၁၂-၂၀၀၉)မှ ပြာသိုလပြည့်ကျော် ၁၃ရက် (၁၂-၁-၂၀၁၀)အထိ ကျင်းပခဲ့ရာ အာဂုံပြန်နှင့် သဘောရေးဖြေ အောင်မြင်တော်မူကြသော သာသနာ့အာဇာနည်အရှင်မြတ်များမှာ ပိဋကသုံးပုံ သဘောရေးဖြေအောင် တိပိဋကကောဝိဒ တစ်ပါး၊ ပိဋကနှစ်ပုံခွဲ သဘောရေးဖြေအောင် မူလအဘိဓမ္မကောဝိဒ တစ်ပါး၊ ပိဋကနှစ်ပုံခွဲ အာဂုံအောင် မူလအာဘိဓမ္မိက တစ်ပါး၊ ပိဋကနှစ်ပုံ သဘောရေးဖြေအောင် ဒီဃနိကာယကောဝိဒ နှစ်ပါး၊ ပိဋကနှစ်ပုံ အာဂုံအောင် ဒီဃဘာဏက ငါးပါး၊ ဝိနည်း ဒုတိယပိုင်းသုံးကျမ်း သဘောရေးဖြေအောင် ဝိနယကောဝိဒ သုံးပါး၊ ဝိနည်း ဒုတိယပိုင်း သုံးကျမ်း အာဂုံအောင် ဝိနယဓရ ၂၄ ပါး၊ ဝိနည်း ပထမပိုင်းနှစ်ကျမ်း သဘောရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ ခုနစ်ပါး၊ ဝိနည်း ပထမပိုင်းနှစ်ကျမ်း အာဂုံအောင် ဥဘတောဝိဘင်္ဂဓရ ၄၇ ပါး စုစုပေါင်း သာသနာ့အာဇာနည်အရှင်မြတ် ၉၁ ပါးတို့ အောင်မြင်တော်မူကြပါကြောင်း။

သာသနာ့အာဇာနည်အရှင်မြတ်များတွင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မဟာသုဖောဓာရုံကျောင်းတိုက်မှ သက်တော် ၄၁ နှစ်၊ သိက္ခာ ၂၂ ဝါရှိ အရှင်အဘိဇာတာဘိဝံသ အရှင်သူမြတ်သည် ၂၀၀၇ခုနှစ် (၅၉) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် ပိဋက သုံးပုံအလုံးစုံကို အာဂုံပြန်ဆိုအောင်မြင်တော်မူသဖြင့် တိပိဋကဓရဘွဲ့တံဆိပ်ကို ရရှိခဲ့ပြီး ယခု ၂၀၁၀ခုနှစ် (၆၂)ကြိမ်မြောက် စာမေးပွဲကြီးတွင် တိပိဋကသုံးပုံအလုံးစုံကို သဘောရေးဖြေအောင်မြင်တော်မူသဖြင့် တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်နှင့် အရိုးဝါကနက္ခဒဏ်ထီးဖြူတော် သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို အလှူခံရရှိတော်မူမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး တိပိဋကဓရ၊ တိပိဋကကောဝိဒ စာအောင် သံဃာတော်အရှင်မြတ်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လောင်းလှူစဉ်။ (သတင်းစဉ်)

ကုသိုလ်ထူးကြီး

သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မွန်များနှင့် များမြတ်လှသော သံဃာထေရ်ရှင်တို့သည် သာသနာတော်၌ အခြေခံကျသော ဂန္ထဓုရသာသနာ့တာဝန်၊ ဝိပဿနာဓုရ သာသနာ့တာဝန်များကို စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်း ထမ်းဆောင်တော်မူနေကြသကဲ့သို့ ဘုရားတပည့်တော်တို့၏ ပူဇော်နေရခြင်း၊ လိုအပ်ရာရာ ဝေယျာဝစ္စအဝဝတို့ကို ဆောင်ရွက်ပူဇော်နေရခြင်း၊ အရှင်သူမြတ်တို့ ဟောပြမိန့်ကြား တရားဓမ္မများကို နာကြားမှတ်သားပူဇော်ရခြင်း၊ ကုသိုလ်အမျှပေးဝေရခြင်း၊ ဝမ်းမြောက်နှမော် သာဓုခေါ်ဆိုရခြင်း စသည့် ပုညကိရိယ ကုသိုလ်ကောင်းမှုတို့သည် ဒါနပါရမီ၊ သီလပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီစသော ကောင်းခြင်းစုံညီ ပါရမီကုသိုလ်ထူးများကို လေ့ကျင့်စုဆောင်းခွင့် ဖြည့်စွမ်းအားရ ဆည်းပူးခွင့်ရရှိနေခြင်းပင် ဖြစ်ပါကြောင်း။

ချီးမြှင့်ပူဇော်

ထို့ကြောင့်ပင် နိုင်ငံတော်အစိုးရနှင့် ပါရမီဖြည့်ချင် ကုသိုလ်ရှင်အများတို့သည် ဓမ္မာပစ္စယ နုဂ္ဂဟနှစ်ဖြာ ပူဇာအာမိသ ဓမ္မနှစ်တန် ကုသိုလ်ကံတို့ကို အားတက်စေတနာသဒ္ဓါရဲရဲ ဝေဆာကဲဆင့် ချီးမြှင့်ပူဇော်လျက် ရှိကြပါကြောင်း။ ဤသို့ဖြင့် နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သား ဒါယကာ၊ ဒါယိကာမ အများတို့သည်လည်း ထိုသို့သော သံဃာထေရ်ရှင်တို့ကို စဉ်ဆက်မပြတ် လှူဒါန်းချီးမြှောက် ပူဇော်ခွင့် ရရှိနေခြင်းသည် အလွန်တရာ ထူးကဲလှသော သာသနာပြု ကုသိုလ်ထူးကြီးကို လက်ဝယ်ပိုင်ပိုင် ရရှိနေခြင်းပင်ဖြစ်ပါကြောင်း။

သာသနာ့အာဇာနည် အရှင်သူမြတ်များ၊ ပရိယတ္တိ ပဋိပတ္တိဝန်ဆောင် မထေရ်မြတ်များ၊ သာသနာ့တာဝန်တို့ကို ကြိုးပမ်းထမ်းဆောင်တော်မူနေကြသော မဟာထေရ်မြတ်ကြီးများနှင့် သံဃာထေရ်ရှင်တို့အား အစဉ်သဖြင့် ရိုသေလေးစားဖူးမြော်နေရခြင်း၊ ချီးမြှောက်ကော်ရော် လှူဒါန်း သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဆရာဒကာ ညီညာရှေ့နောက် ချီးမြှောက်ပံ့ပိုး ဆ-တိုးစုပုံ မဟာကုသိုလ် ဓာစိတ် အရှိန်အဟုန်တို့ကြောင့် ဘုရားတပည့်တော်တို့ အားလုံးသည် နိဗ္ဗာန်သို့တိုင် လှမ်းကိုင်ရည်စူး အကျိုးထူးများရရှိကြ၍ နိုင်ငံတော်ကြီးသည် အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ပါစေသတည်း၊ သာသနာတော်မြတ်ကြီးသည် အဓွန့်ရှည်ကြာ သန့်ရှင်းတည်တံ့ပြန့်ပွားပါစေသတည်းဟူ၍ ပတ္ထနာပြုဆုမွန်ကောင်းတောင်းရင်း ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ထို့နောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲအောင် သာသနာ့အာဇာနည် အရှင်မြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်ကြရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက အဘိဓမ္မပိဋက၊ အဘိဓမ္မာ ဒုတိယပိုင်း သဘောရေးဖြေအောင် တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မဟာသုဖောဓာရုံကျောင်းတိုက်မှ အရှင်အဘိဇာတာဘိဝံသနှင့် အဘိဓမ္မာ ရှေ့ပိုင်း သဘောရေးဖြေအောင် မူလအဘိဓမ္မကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်မှ အရှင်ဝါသေဋ္ဌာလင်္ကာရတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်သည်။ *စာမျက်နှာ ၇ ကော်လံ ၁ သို့*

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင် ဝိနယဓရဘွဲ့တံဆိပ်တော်ရ အရှင်မြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော ဧည့်ပရိသတ်များ (၆၂)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၆ မှ

ဘွဲ့တံဆိပ်တော်ဆက်ကပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အဘိဓမ္မာရှေ့ပိုင်း အာဂုံအောင် မူလ အာဘိဓမ္မိက ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်း မုံရွာမြို့ ရွှေတောင်ဦး တိပိဋကဓမ္မပါလကျောင်းတိုက်မှ အရှင်ပညိသဃရာလင်္ကာရ၊ ဒီဃနိကာယ်သုံးကျမ်း သဘောရေးဖြေအောင် ဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် တိပိဋက မဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်မှ အရှင်ဝိစိတ္တသာရနှင့် စစ်ကိုင်းတိုင်း မုံရွာမြို့ ရွှေတောင်ဦး တိပိဋက ဓမ္မပါလကျောင်းတိုက်မှ အရှင်နန္ဒဝံသာလင်္ကာရတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ဒီဃနိကာယ်သုံးကျမ်း အာဂုံအောင်ဒီဃဘာဏက ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်ငါးပါး တို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် များကို ဆက်ကပ်သည်။

အောင်လက်မှတ်များဆက်ကပ်

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်းက ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်သုံးပါးနှင့် ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ် နှစ်ပါးတို့အားလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်ငါးပါးတို့အားလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်ငါးပါးတို့အား လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်သုံးပါးတို့အား လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်က ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်သုံးပါးတို့အား လည်းကောင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်က ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်သုံးပါးတို့အား လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်က ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်သုံးပါးတို့အား လည်းကောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်က ဥဘတောဝိဘင်္ဂ ကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်သုံးပါးတို့အား လည်းကောင်း ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များကို ဆက်ကပ်ကြသည်။

ထို့နောက် ရှေ့နေချုပ် ဦးအေးမောင်က ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့တံဆိပ်တော်ရ အရှင်မြတ်တစ်ပါးနှင့် ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်နှစ်ပါးတို့အား လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက ဥဘတောဝိဘင်္ဂကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်သုံးပါးတို့အားလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်က ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ် သုံးပါးတို့အားလည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်းက ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်ငါးပါးတို့အား လည်းကောင်း၊ သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီးဦးအုန်းမြင့်က ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ် ငါးပါးတို့အားလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေက ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်လေးပါးတို့အား လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီက ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်လေးပါးတို့အား လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ် ငါးပါးတို့အား လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းက ဥဘတော ဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ် ငါးပါးတို့အားလည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်လေးပါးတို့အားလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်က ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်လေးပါးတို့အားလည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဦးသိန်းအောင်က ဥဘတောဝိဘင်္ဂဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်ခြောက်ပါးတို့အားလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ကြသည်။

ရေစက်သွန်းချ

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ ဇန်းမော်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသ (ဝင်္ခသကာ-ပါဠိသိရောမဏိ)ထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့်ပရိသတ်တို့က အနုမောဒနာ ရေစက်ချတရားတော်ကို နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်ကပ်လောင်းလှူ

အခမ်းအနားအပြီးတွင် တိပိဋကဓရ၊ တိပိဋကကောဝိဒ စာအောင်သံဃာတော်အရှင်မြတ်များသည် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်းရှိ သံဃာစင်မှ မင်္ဂလာနတ်လမ်းအတိုင်း ပြန်လည်ကြွမြန်းတော်မူကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်တို့က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လောင်းလှူကြသည်။ **(သတင်းစဉ်)**

ဘွဲ့တံဆိပ်တော်ဆက်ကပ်

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်သုံးပါးနှင့် ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်နှစ်ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်စဉ်။ (သတင်းစဉ်)

အောင်လက်မှတ်ဆက်ကပ်

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်စဉ်။ (သတင်းစဉ်)

ချစ်ခြင်းမေတ္တာကို အကြမ်းမဖက်ပါနဲ့ (၂)

ငါးမင်းဆွေ

(ယမန်နေ့မှ အဆက်)

ဦးစိန်ဝင်းနှင့် ကျွန်တော်တို့သည် နိုင်ငံတော်တွင် လိုအပ်လာမည့် စက်မှုကုန်ကြမ်းဆား တိုးတက်ထုတ်လုပ်နိုင်ရန်အတွက် ကျောက်ဖြူ၊ တောင်ကုတ်၊ သံတွဲ၊ ကျိန္တလီ၊ ငွေ့ယ်တို့တွင် ဆားကွင်းသစ်များ ဖော်ထုတ်နိုင်ရန် မတ်လဆန်းပိုင်းတွင် ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ကြပါသည်။ စိုက်ပျိုးမြေမဟုတ်သော၊ ဒီရေတောကြိုးဝိုင်းမဟုတ်သော ဆားထုတ်လုပ်နိုင်သည့် မြေလွတ်မြေရိုင်းဧက ၁၀၀၀၀ခန့်ကို တွေ့ရှိခဲ့ပါသည်။ ဆားကွင်းဧက တစ်သောင်းကို ရခိုင်ပြည်နယ်တွင် ဖော်ထုတ်နိုင်ပါက စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုကုန်ကြမ်းဆားများ တိုးတက်ရရှိလာပါမည်။ ဒေသခံ ရခိုင်တိုင်းရင်းသားတို့ အလုပ်အကိုင်များ ရရှိလာပါမည်။ နိုင်ငံတော်၏ ကူညီအားပေးမှုကြောင့် မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့မှ ဆားလုပ်ငန်းများ ၂၀၀၉ခုနှစ်မှစတင်၍ ပြန်လည်ထွန်းကားလာပါသည်။ ဆားကျုံးပုတ်ပြတ်လုပ်သားတို့၏ တစ်နေ့ လုပ်အားခမှာ မနည်းလှပါ။ မိသားစု သုံးလေးဦးဖြင့် လုပ်ကိုင်သော မိသားစုတစ်စုသည် တစ်နေ့လျှင် ဝင်ငွေ သောင်းဂဏန်းအထက် ရရှိကြသည်။ ထိုဝင်ငွေသည် တစ်ဖက်နိုင်ငံတွင် သွားရောက်လုပ်ကိုင်သည့် ဝင်ငွေထက် ပိုမိုများပြားပါသည်။ သို့ဖြစ်၍ မွန်ပြည်နယ်မှ ဆားကျုံးလုပ်သားတို့သည် တစ်ဖက်နိုင်ငံသို့ သွားရောက်လုပ်ကိုင်လိုခြင်း မရှိကြတော့ပါ။

ရခိုင်မှ ပြန်လာပြီးနောက် ပဲခူးဆားကွင်းသို့ သွားရောက်ခဲ့ပါသည်။ ပဲခူးဆားကွင်းသည် ယခုနှစ်မှ စတင်အကောင်အထည်ဖော်သော ဆားကွင်းဖြစ်သည်။ မတ်လ ၁၄ရက်နေ့တွင် ဆားကျုံးခွက်များအတွင်းသို့ ၂၅ဘိုမေဒီဂရီရှိသော ဆားပြည့်ဝရေများ ထည့်သွင်းနိုင်ခဲ့ပြီး မတ်လ ၂၅ရက်နေ့တွင် ဆားစတင်ကျုံးရန် စီစဉ်ထားပါသည်။ သို့သော် မတ်လ ၁၉ရက်နေ့ ညနေ ၆နာရီခန့်တွင် ပဲခူးဆားကွင်း၌ မိုးသက်လေပြင်း ကျရောက်ခဲ့ပြီး မိုးရေချိန် ၂လက်မခန့် ရွာသွန်းခဲ့သဖြင့် ဆားများ ပျက်စီးသွားပါသည်။ ဆားကျွမ်းကျင်လုပ်သားတို့၏ ကြိုးစားဆောင်ရွက်မှုကြောင့် မတ်လ ၃၁ရက်နေ့တွင် ဆားပြည့်ဝရေများကို ဆားကျုံးခွက်တွင်းသို့ ပြန်လည်ထည့်သွင်းနိုင်ခဲ့ပါသည်။ ဧပြီလ ၁၀ရက်နေ့တွင် ဆားများ စတင်ကျုံးယူနိုင်ခဲ့ပါသည်။ ဝန်ကြီးတစ်ဦးက ပဲခူးဆားကွင်းများသို့ လာရောက်စစ်ဆေး ကြည့်ရှုအားပေးသွားပါသည်။ ဝန်ကြီးက ပဲခူးဒေသတွင် **ယခုလို နေလှန်းဆားများ ထုတ်လုပ်လာနိုင်သဖြင့် နိုင်ငံတော်အကြီးအကဲက ဝမ်းမြောက်ပီတိဖြစ်နေကြောင်း၊ ဒီလုပ်ငန်းသည် နောင်လာနောက်သားများအတွက်ပါ ရေရှည်အကျိုးရှိစေသဖြင့် ဆက်လက်တိုးချဲ့ဖော်ထုတ်လုပ်ကိုင်ကြရန် နိုင်ငံတော်အကြီးအကဲက မိန့်မှာကြောင်း ပြောကြားခဲ့ပါသည်။ ဆက်လက်၍ ဝန်ကြီးက ယနေ့ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ကြရာတွင် ရဲဘော်စိတ်ဖြင့် တည်ဆောက်ကြရန်လိုကြောင်း၊ ရဲဘော်စိတ်ဆိုသည်မှာ လိုလျှင် ဖြည့်ပေးမည်၊ ပိုလျှင် လျှော့ပေးမည်ဆိုသော စိတ်ဓာတ်ဖြစ်ကြောင်း၊ ဥပမာပြောရပါလျှင် လှေတစ်စီးတွင် လှော်ခတ်ရန် လူလိုပါက လိုရာခရီးသို့ရောက်အောင် ဝိုင်းဝန်းလှော်ခတ်ပေးရမည်ဖြစ်ကြောင်း၊ လမ်းခရီးတွင် ဆေးရုံသို့ အချိန်မီပို့ရမည့် လူနာတစ်ယောက် လှေဖြင့်လိုက်ပါရမည်၊ လှေကလည်း လူထပ်မံတင်၍မရအောင် ဖြစ်နေပြီဖြစ်ပါက ထိုလူနာ လှေပေါ်သို့တက်နိုင်ရန်အတွက် လှေပေါ်မှ ဆင်းပေးရမည်ဖြစ်ကြောင်း၊ ရဲဘော်စိတ်ဆိုသည်မှာ ကိုယ်ကျိုးစွန့် အနစ်နာခံသော မေတ္တာစိတ်ပင်ဖြစ်ကြောင်း၊ မေတ္တာခန်းခြောက်ပါက နိုင်ငံတော်တင်မက ကမ္ဘာကြီးပါ ပျက်သုဉ်းနိုင်ကြောင်း ပြောကြားခဲ့ပါသည်။ ဝန်ကြီး၏ ပြောကြားချက်တို့သည် ယနေ့ နိုင်ငံတော်အစိုးရနှင့် တပ်မတော်သားတို့၏ နိုင်ငံနှင့်လူမျိုးအပေါ် ထားရှိသော ချစ်ခြင်းမေတ္တာကို ပေါ်လွင်စေခဲ့ပါသည်။**

မဟာသင်္ကြန်ရက်များတွင် ပဲခူးဆားကွင်းတွင်ပင် ကျွန်တော် ဆက်လက်နေထိုင်ရပါသည်။ ဆားတောင်သူများ ဆားလုပ်သားများသည် သင်္ကြန်ရက်တွင် အနားယူ၍မရပါ။ ဧပြီလ ၁၅ရက်နေ့ သင်္ကြန်အကြတ်နေ့ ညနေ ၆နာရီတွင် ပဲခူးဆားကွင်း၌ ဆားလုပ်သားတို့က ကျုံးခွက်ထဲမှဆားကို ဂိုဒေါင်အတွင်းသို့ ထမ်းသွင်းနေကြပါသည်။ ကျွန်တော်သည် ဂိုဒေါင်ဝတွင် ရပ်နေပြီး မိုးလေဝသအခြေအနေသိရှိနိုင်ရန် ရေဒီယိုငယ်ကို ဖွင့်ကာ နေပြည်တော်မြန်မာ့အသံ၏ ညနေ ၆နာရီသတင်းကို နားထောင်နေပါသည်။ သင်္ကြန်ရက်ဖြစ်၍ နိုင်ငံတွင်း၌ ထူးထူးခြားခြားသတင်းများ မရှိဟု ကျွန်တော်ထင်မှတ်ခဲ့သည်။ ယနေ့ ညနေ ၃နာရီခန့်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ X_2O မဟာသင်္ကြန် ရေကစားမဏ္ဍပ်တွင် ဗုံးသုံးလုံးပေါက်ကွဲခဲ့ကြောင်း၊ သေဆုံးဒဏ်ရာရရှိမှုများရှိကြောင်း သတင်းကြေညာသွားသည်ကို ကြားလိုက်ရာ ကျွန်တော် အလွန်တုန်လှုပ်သွားပါသည်။ ထိုသတင်းကြောင့် ဆားထမ်းလုပ်သားများ ဆားထမ်းရပ်နားကာ ကျွန်တော့်အနားသို့ စုဝေးလာကြသည်။ မန်နေဂျာနှင့်စာရေးလည်း ရောက်လာသည်။ ဆားရေကိုင်များလည်း ရောက်လာကြသည်။ သူတို့က ထိုကြားရသောသတင်းကို မယုံကြပါ။ သင်္ကြန်ရက်ကြီးတွင် ဘယ်လိုမှမဖြစ်နိုင်ဟု တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။ သူတို့ပြောဆိုပြီးနောက် ကျွန်တော်က ဒီသတင်းဟာ နေပြည်တော် မြန်မာ့အသံက ထုတ်လွှင့်တဲ့ သတင်းဖြစ်တဲ့အတွက် ဒီသတင်းဟာ မှန်တယ်ဟုဆိုလိုက်ရာ အားလုံး မျက်စိမျက်နှာ ပျက်သွားကြပါသည်။

ဧပြီလ ၁၅ရက်နေ့ သင်္ကြန်အကြတ်နေ့ညတွင် ကျွန်တော်တော်ရုံနှင့် အိပ်မပျော်တော့ပါ။ ရက်စက်လိုက်ကြတာ၊ လုပ်ရက်လိုက်ကြတာ၊ မိမိကိုယ် ထိခိုက်နစ်နာအောင် လုပ်သူကိုပင် မေတ္တာဖြင့် ခွင့်လွှတ်ရပါမည်။ ယခုတော့ မိမိအပေါ် ဘာတစ်ခုမှ ထိခိုက်နစ်နာအောင် မလုပ်ခဲ့၊ မိမိနှင့်လည်း သိကျွမ်းခြင်းမရှိခဲ့ဘဲ နှစ်သစ်ကူးအတာသင်္ကြန်ကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနေသူတွေကို ဘာကြောင့် ဒီလိုရက်ရက်စက်စက် လုပ်ကြတာပါလဲ၊ ထိုမေးခွန်းကို ကျွန်တော်တစ်ညလုံး အဖြေထုတ်၍မရခဲ့ပါ။ တကယ်တော့ ထိုမေးခွန်းသည် ကျွန်တော့်အတွက် မေးခွန်းအသစ်မဟုတ်ပါ။ မေးခွန်းဟောင်းတစ်ခု ဖြစ်ပါသည်။ လွန်ခဲ့သော အနှစ် ၂၀လုံးလုံး ကျွန်တော်အဖြေထုတ်၍ မရနိုင်သော မေးခွန်းလည်း ဖြစ်ပါသည်။

လွန်ခဲ့သော အနှစ် ၂၀ စွန်းစွန်းက ရေး-မော်လမြိုင် လူစီးရထားကို နှစ်ကရင်ဘူတာနှင့် အနင်းဘူတာကြား ထိုစဉ်က မိုင်တိုင်အမှတ် (၂၄၄/၂)တွင် သောင်းကျန်းသူတို့ မိုင်းခွဲခဲ့ရာ အပြစ်မဲ့တိုင်းရင်းသားပြည်သူ ၆၀ကျော် သေဆုံးခဲ့ရပါသည်။ ကျွန်တော့် ပလိုင်ကီးဆားကွင်းမှ ဆားအလုပ်သမ မွန်တိုင်းရင်းသူ ဒေါ်ငွေနှင့် မိအေးသိန်းတို့ သေဆုံးခဲ့ကြရသည်။ ဒေါ်ငွေသည် မုဆိုးမဖြစ်ပြီး အရွယ်မရောက်သေးသော သမီးငယ် နှစ်ဦးကို မိဘမေတ္တာဖြင့် လုပ်ကိုင်ကျွေးမွေးနေသူဖြစ်သည်။ မိအေးသိန်းကတော့ ဖခင်အိုနှင့် မိခင်အိုတို့ကို သားသမီးတို့၏ မေတ္တာဖြင့် လုပ်ကိုင်ကျွေးမွေးနေသူ ဖြစ်သည်။

ထိုစဉ်ကလည်း သောင်းကျန်းသူတွေဟာ ဘာကြောင့် ဒီလိုလူစီးရထားကို ရက်ရက်စက်စက် ဗုံးခွဲရတာလဲဟု အကြိမ်ကြိမ်အခါခါ မေးခွန်းထုတ်ခဲ့ဖူးပါသည်။ ထိုမေးခွန်း၏အဖြေကို ယနေ့ထိတိုင် ကျွန်တော်စဉ်းစား၍မရခဲ့ပါ။ ကျွန်တော့်ထက် အတွေ့အကြုံများစွာရှိသော အသက် ၈၀ကျော် ကျွန်တော့်ဖခင်အား ဘာကြောင့် ဒီလိုသင်္ကြန်ပွဲတော်ကြီးမှာ အကြမ်းဖက်ဗုံးခွဲရတာလဲ၊ လူစီးရထားကို ဘာကြောင့် ဒီလို အကြမ်းဖက်ဗုံးခွဲရတာလဲဟု မေးကြည့်ရာ အဖေက ငါလည်းစဉ်းစားလို့မရဘူး၊ အဲ့ဒီအကောင်တွေပဲ သိမှာပေါ့ဟု ပြောခဲ့ပါသည်။ ထိုလူသတ်ကောင် အကြမ်းဖက်သမားများက ဘယ်လိုအကြောင်းကြောင့် လုပ်ရသည်ဟု ပြောပါစေ၊ လူသားတိုင်းက ထိုလူသတ်ကောင် အကြမ်းဖက်သမားတို့၏ အကြောင်းပြချက်ကို လက်ခံနိုင်မည် မဟုတ်ပါ။ လူမဆန်သော အကြမ်းဖက်သမားများအား ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် ယခုလို အပြစ်မဲ့ မြန်မာပြည်သူများကို သတ်ဖြတ်ခြင်း ထပ်မံမလုပ်ကြပါနဲ့ဟု ပြတ်သားပြင်းထန်စွာ တောင်းဆိုပါသည်။

ဧပြီလ ၂၁ရက်နေ့တွင် မွန်ပြည်နယ်၊ ရေးမြို့နယ်သို့ ရောက်ရှိခဲ့သည်။ ရေးမြို့မှ အစင်ကျေးရွာသို့ သွားသောလမ်းအတိုင်း ဆန်နီပစ်ကပ်ကားငယ်ကို မောင်းလာပါသည်။ ရေး-အစင် ကားလမ်းသည် ညီညာချောမွေ့သော ကတ္တရာလမ်းချောဖြစ်သည်။ ယခင်ခေတ်အခါက ရေးမြို့မှ အစင်ရွာသို့ ရေလမ်းဖြင့်သာ သွားလာခဲ့ကြရသည်။ ယခုတော့ ရေး-အစင်ကို ကား၊ ဆိုင်ကယ်တို့ဖြင့် ဥဒဟို သွားလာနေကြသည်ကို တွေ့ရသည်။ ရေး-အစင် ကားလမ်းကို မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် အဆင့်မြှင့်တင်ဖောက်လုပ်ခဲ့သည်။ တိုင်းစစ်ဌာနချုပ်မှ စက်ယန္တရားကြီးများဖြင့် ပြုပြင်မွမ်းမံပေးခဲ့သည်။ ထိုစက်ယန္တရားများဖြင့်ပင် ရေး-အံဒင်ကားလမ်း၊ ရေး-ပလိုင်ကီး ကားလမ်းတို့ကို ပြုပြင်မွမ်းမံပေးခဲ့သည်။ ရေး-အစင်လမ်းမှ လက်ယာဘက်သို့ ချိုးကွေ့လိုက်ရာ ရေး-ပလိုင်ကီးကားလမ်းပေါ်သို့ ရောက်ရှိခဲ့သည်။ ရေးမှ ပလိုင်ကီးသို့ ယခင်က ရထားဖြင့်သာ သွားလာနိုင်သည်။ ရထားမရှိတော့လျှင် ရထားလမ်းအတိုင်း ကျွန်တော်တို့ လမ်းလျှောက်ခဲ့ကြရသည်။ ယခုတော့ ရေး-ပလိုင်ကီးလမ်းတွင် ပျော့ပျောင်းနွဲ့နှောင်းသော ဆန်နီပစ်ကပ်ကားငယ်ကို အမြန်နှုန်းဖြင့် မောင်းနှင်နိုင်ပါသည်။

ရေးမြို့နယ်သည် မြန်မာနိုင်ငံတွင် မွန်တိုင်းရင်းသားအများဆုံးနေထိုင်ရာ မြို့နယ်ဖြစ်သည်။ ရေးမြို့ကို ဗဟိုပြု၍ ရေးမြို့ အရပ်ရှစ်မျက်နှာရှိ ကျေးရွာများသို့ ရာသီမရွေး၊ နေ့ညမရွေး ကား၊ ဆိုင်ကယ်တို့ဖြင့် သွားလာနိုင်ကြပါပြီ။ ရေးမြို့နယ်မှ တိုင်းရင်းသားတို့သည် CDMA လက်ကိုင်ဖုန်းများကိုလည်း အသုံးပြုလာနိုင်ကြသည်။ ရေးမြို့နယ်သည် မွန်ပြည်နယ်၏ တောင်ဘက်အစွန်အဖျား နယ်စပ်မြို့နယ်ဖြစ်သည်။ သို့သော် ရေးမြို့နယ်သည် မွန်ပြည်နယ်တွင် လူတစ်ဦးချင်းဝင်ငွေ အမြင့်ဆုံးမြို့နယ်ဖြစ်လာသည်။ ရေးမြို့နယ်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် မြန်မာနိုင်ငံအတွင်း လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာသော နယ်စပ်မြို့နယ်များအနက် တစ်ခုအပါအဝင် ဖြစ်ပါသည်။

ပလိုင်ကီးဆားကွင်းအတွင်းသို့ ကားငယ်ကို မောင်းဝင်လိုက်ပါသည်။ ဆားကျုံးလုပ်သားများ အားကြိုးမာန်တက် ဆားသယ်ထမ်းနေကြသည်ကို တွေ့ရသည်။ သူတို့သည် သင်္ကြန်ရက်တွင်ပင် အနားမယူဘဲ ဆားများကို အမိုးအကာအောက်သို့

ယခုအခါ ပြည်ထောင်စုနိုင်ငံတော်ကြီးတွင် ဘယ်ခေတ်အခါကနှင့်မျှ မတူသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရရှိနေပြီဖြစ်ပါသည်။ တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲခြင်းမရှိဘဲ တန်းတူရည်တူ ဆက်ဆံလျက်ရှိကြပါသည်။ ဘယ်တိုင်းရင်းသားလူမျိုးစုကမှ လူမျိုးကြီးဝါဒ၊ လူမျိုးစွဲဝါဒ မရှိကြပါ။

**မြန်မာပြည်သူ
လက်နက်ကိုင်အဖွဲ့တ
မိမိအကျိုး၊ နိုင်ငံန
များ လုပ်ချင်လုပ်ဂ
ဖြစ်သော လူမှုရေးဂ
ဒါမှမဟုတ် မိမိတို့ကို
ကြီးကို ကာကွယ်စေ
ကြပါ။ ထိုတိုင်းရင်
တိုင်းရင်းသားများအာ
အဖွဲ့အဖြစ်သို့ လုံးဝ**

ရောက်အောင် ထမ်းသွင်းခဲ့ကြသည်။ ရက်
လာရသောကြောင့် သူတို့ တော်တော်နွ
သို့သော် သူတို့သည် မလျှော့သောဇွဲ
နေကြဆဲဖြစ်သည်။ ကျွန်တော်သည် သူတ
သို့ သွားရောက်ပြီး ပါလာသော စား
ပေးလိုက်ပါသည်။ ကျွန်တော်က မိုးရွာတ
ဗိုင်းငင်ဆိုတဲ့ တို့မြန်မာရိုးရာစကားကို တစ်
ပြောလိုက်ရာ သူတို့က အဲဒါဘာလဲဟု
အဲဒါကတော့ နေသာတုန်း ဆားထမ်းကြပေ
ရက်ပိုင်းမှာ ရွာတော့မှာ၊ တို့ဆားကွင်းက
ထုတ်လုပ်လိုက်တဲ့ ဆားပိဿာ ၃၀၀၀
၁၅၀၀၀ကို တစ်နှစ်စာ ကျွေးဖို့လုံလောက်
တို့တစ်တွေ တစ်ရာသီထုတ်လိုက်တဲ့ဆားဟ
၇သိန်းလောက်အတွက် တစ်နှစ်စာဖူလုံတ
လုပ်ငန်းကို တို့တစ်တွေ ဖွဲလုံ့လနဲ့ လုပ်
ရှင်းပြ ပြောဆိုလိုက်ပါသည်။

ပလိုင်ကီးဆားကွင်းတွင်ရှိစဉ် ပြည်
ထုတ်လွှင့်မှုများကို ဖမ်းယူနားထောင်ခဲ့ပါ
လက်နက်ကိုင်အဖွဲ့အချို့ နယ်ခြားစောင့်တပ်
သွေးခွဲစကားများဖြင့် ထုတ်လွှင့်သွားသည်
ထိုအထဲတွင် ရေးနယ်ကိုအခြေပြုသော တိုင်း
အဖွဲ့တစ်ဖွဲ့လည်း ပါဝင်သည်။ ထိုသတ
ဆားကွင်းမန်နေဂျာ ဦးသိန်းအောင်က
ဖြစ်လာမည်ကို စိုးရိမ်သည်ဟု ပြောဆို

၁၉၈၈ ခုနှစ်မတိုင်မီက မြန်မာနိုင်
လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့များစွ
တို့သည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ တိုက်ခိုက်ပစ်ခ
ကလာ၍ မလွဲမရှောင်သာလက်ခံ ဆက်ဆံ
တို့ကို ကျန်တစ်ဖွဲ့က အကြမ်းဖက်သတ်ဖြ
သူတို့အဖွဲ့တွေကြားမှာညှပ်ပြီး အကြမ်း
တိုင်းရင်းသား မြောက်မြားစွာရှိခဲ့သည်။ အ
အဖွဲ့များက တိုင်းရင်းသားများကို အကြမ်း
တိုင်းရင်းသား အမြောက်အမြား သေဆုံ
ရထားနှင့် ကားများကို အကြမ်းဖက်ဗုံးခွဲ
လက်နက်ငယ်တို့ဖြင့် ပစ်ခတ်ခြင်းတို့
အမြောက်အမြား သေဆုံးခဲ့ကြရသည်။
မြို့ရွာများသို့ ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်
အမြောက်အမြား သေဆုံးခဲ့ကြရသည်။
သည် ၁၉၈၈ နောက်ပိုင်းကာလများမှစ၍

မြန်မာပြည်သူတို့၏ ဆန္ဒသဘောထားမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တို့အနေဖြင့် လက်နက်ကို အပြီးအပိုင်စွန့်ပြီး မိမိအကျိုး၊ နိုင်ငံနှင့်လူမျိုးအကျိုးအတွက် စီးပွားရေးလုပ်ငန်းများ လုပ်ချင်လုပ်ကြပါ။ ဒါမှမဟုတ် အများအကျိုးသက်သက်ဖြစ်သော လူမှုရေးလုပ်ငန်းများ လုပ်ချင်လျှင်လည်း လုပ်ကြပါ။ ဒါမှမဟုတ် မိမိတို့ကိုင်စွဲထားသော လက်နက်များဖြင့် နိုင်ငံတော်ကြီးကို ကာကွယ်စောင့်ရှောက်နိုင်ရန် နယ်ခြားစောင့်တပ် ဖွဲ့စည်းကြပါ။ ထိုတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ကို ယခင်ကလို တိုင်းရင်းသားများအား အကြမ်းဖက်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်အဖွဲ့အဖြစ်သို့ လုံးဝ ပြန်လည်မရောက်စေလိုတော့ပါ။

ရောက်အောင် ထမ်းသွင်းခဲ့ကြသည်။ ရက်ရှည်လများ လုပ်ကိုင်လာရသောကြောင့် သူတို့ တော်တော်နွမ်းနယ်နေကြပါသည်။ သို့သော် သူတို့သည် မလျှော့သောဇွဲလုံ့လဖြင့် လုပ်ကိုင်နေကြဆဲဖြစ်သည်။ ကျွန်တော်သည် သူတို့ဆားထမ်းသောနေရာသို့ သွားရောက်ပြီး ပါလာသော စားသောက်ဖွယ်ရာများကို ပေးလိုက်ပါသည်။ ကျွန်တော်က မိုးရွာတုန်းရေခံ၊ လသာတုန်း ဗိုင်းငင်ဆိုတဲ့ တို့မြန်မာရိုးရာစကားကို တစ်ခုထပ်တိုးဖို့လိုနေပြီဟု ပြောလိုက်ရာ သူတို့က အဲဒါဘာလဲဟု မေးလာကြပါသည်။ အဲဒါကတော့ နေသာတုန်း ဆားထမ်းကြပေါ့ကွာ၊ မိုးက မကြာခင် ရက်ပိုင်းမှာ ရွာတော့မှာ၊ တို့ဆားကွင်းက တို့တစ်တွေ တစ်နေ့ ထုတ်လုပ်လိုက်တဲ့ ဆားပိဿာ ၃၀၀၀၀ဟာ တို့နိုင်ငံသား ၁၅၀၀၀ကို တစ်နှစ်စာ ကျွေးဖို့လုံလောက်တယ်၊ တို့ဆားကွင်းက တို့တစ်တွေ တစ်ရာသီထုတ်လိုက်တဲ့ဆားဟာ မြန်မာတိုင်းရင်းသား ၇သိန်းလောက်အတွက် တစ်နှစ်စာဖူလုံတယ်၊ ဒါကြောင့် ဒီဆားလုပ်ငန်းကို တို့တစ်တွေ ဇွဲလုံ့လနဲ့ လုပ်ကိုင်ကြဖို့ လိုတယ်ဟု ရှင်းပြ ပြောဆိုလိုက်ပါသည်။

ပလိုင်ကီးဆားကွင်းတွင်ရှိစဉ် ပြည်ပအသံလွှင့်ဌာနများမှ ထုတ်လွှင့်မှုများကို ဖမ်းယူနားထောင်ခဲ့ပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့ နယ်ခြားစောင့်တပ်ဖွဲ့ရန်ကိစ္စကို သွေးထိုးသွေးခွဲစကားများဖြင့် ထုတ်လွှင့်သွားသည်ကို ကြားလိုက်ရသည်။ ထိုအထဲတွင် ရေးနယ်ကိုအခြေပြုသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့လည်း ပါဝင်သည်။ ထိုသတင်းကြောင့် ပလိုင်ကီးဆားကွင်းမန်နေဂျာ ဦးသိန်းအောင်က နယ်မြေ မအေးမချမ်းဖြစ်လာမည်ကို စိုးရိမ်သည်ဟု ပြောဆိုလာပါသည်။

၁၉၈၈ ခုနှစ်မတိုင်မီက မြန်မာနိုင်ငံတွင် တိုင်းရင်းသားလက်နက်ကိုင် သောင်းကျန်းသူအဖွဲ့များစွာ ရှိခဲ့ပါသည်။ ထိုအဖွဲ့တို့သည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ တိုက်ခိုက်ပစ်ခတ်ခဲ့ကြသည်။ တစ်ဖွဲ့ကလာ၍ မလွဲမရှောင်သာလက်ခံ ဆက်ဆံရသော တိုင်းရင်းသားတို့ကို ကျန်တစ်ဖွဲ့က အကြမ်းဖက်သတ်ဖြတ်ကြသည်။ ဒီလိုနှင့် သူတို့အဖွဲ့တွေကြားမှာညှပ်ပြီး အကြမ်းဖက် သတ်ဖြတ်ခံရသူ တိုင်းရင်းသား မြောက်မြားစွာရှိခဲ့သည်။ အစိုးရလူဟုဆိုကာ သူတို့အဖွဲ့များက တိုင်းရင်းသားများကို အကြမ်းဖက်သတ်ဖြတ်ခဲ့သဖြင့် တိုင်းရင်းသား အမြောက်အမြား သေဆုံးခဲ့ကြရသည်။ လူစီးရထားနှင့် ကားများကို အကြမ်းဖက်ဗုံးခွဲခြင်း၊ လက်နက်ကြီး လက်နက်ငယ်တို့ဖြင့် ပစ်ခတ်ခြင်းတို့ကြောင့် တိုင်းရင်းသား အမြောက်အမြား သေဆုံးခဲ့ကြရသည်။ ထိုသောင်းကျန်းသူများ မြို့ရွာများသို့ ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်းကြောင့် တိုင်းရင်းသား အမြောက်အမြား သေဆုံးခဲ့ကြရသည်။ ထိုသောင်းကျန်းသူများသည် ၁၉၈၈ နောက်ပိုင်းကာလများမှစ၍ အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေး လုပ်ဆောင်ခဲ့ကြသည်။ ထို့ကြောင့် ပြည်ထောင်စုနိုင်ငံတော်ကြီး အေးချမ်းဖွံ့ဖြိုးတိုးတက်လာခဲ့သည်မှာ အမှန်ပင်ဖြစ်ပါသည်။

မြန်မာပြည်သူတို့၏ ဆန္ဒသဘောထားမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တို့အနေဖြင့် လက်နက်ကို အပြီးအပိုင်စွန့်ပြီး မိမိအကျိုး၊ နိုင်ငံနှင့်လူမျိုးအကျိုးအတွက် စီးပွားရေးလုပ်ငန်းများ လုပ်ချင်လုပ်ကြပါ။ ဒါမှမဟုတ် အများအကျိုးသက်သက်ဖြစ်သော လူမှုရေးလုပ်ငန်းများ လုပ်ချင်လျှင်လည်း လုပ်ကြပါ။ ဒါမှမဟုတ် မိမိတို့ကိုင်စွဲထားသော လက်နက်များဖြင့် နိုင်ငံတော်ကြီးကို ကာကွယ်စောင့်ရှောက်နိုင်ရန် နယ်ခြားစောင့်တပ်ဖွဲ့စည်းကြပါ။ ထိုတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကို ယခင်ကလို တိုင်းရင်းသားများအား အကြမ်းဖက်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်အဖွဲ့အဖြစ်သို့ လုံးဝပြန်လည်မရောက်စေလိုတော့ပါ။

ယခုအခါ ပြည်ထောင်စုနိုင်ငံတော်ကြီးတွင် ဘယ်ခေတ်အခါကနှင့်မျှမတူသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရရှိနေပြီဖြစ်ပါသည်။ တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲခြင်းမရှိဘဲ တန်းတူရည်တူ ဆက်ဆံလျက်ရှိကြပါသည်။ ဘယ်တိုင်းရင်းသားလူမျိုးစုကမှ လူမျိုးကြီးဝါဒ၊ လူမျိုးစွဲဝါဒ မရှိကြပါ။ ဗမာတိုင်းရင်းသားက မွန်တိုင်းရင်းသားကို ဗမာလူမျိုးတစ်ဦးကဲ့သို့ သဘောထားဆက်ဆံပြီး မွန်တိုင်းရင်းသားကလည်း ဗမာတိုင်းရင်းသားတစ်ဦးကို မိမိတို့ မွန်တိုင်းရင်းသားတစ်ဦးကဲ့သို့ သဘောထားဆက်ဆံကြသည်ကို တွေ့ရပါသည်။ ကရင်ကလည်း ဗမာကို ကရင်တစ်ဦးအဖြစ် သဘောထားဆက်ဆံပြီး ဗမာကလည်း ကရင်ကို ဗမာတစ်ဦးအဖြစ် သဘောထား ဆက်ဆံသည်ကို တွေ့မြင်နေရပါသည်။ သို့ပါ၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ကျဉ်းမြောင်းသော လူမျိုးရေးအမြင်၊ လူမျိုးရေးအစွဲအလမ်းများ ဖျောက်ဖျက်ပြီး ပြည်ထောင်စုနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ဝိုင်းဝန်းလုပ်ဆောင်ကြစေလိုပါသည်။

အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့အပေါ် ဆန့်ကျင်နေကြသည့် အဖျက်အမှောင့်သမားများ၊ ဆန့်ကျင်ဘက် အဖွဲ့အစည်းများသည် ချစ်ခြင်းမေတ္တာဖြင့် နိုင်ငံတော်ကြီးကို ဝိုင်းဝန်းတည်ဆောက်နေကြသော မြန်မာပြည်သူတို့အပေါ် စီးပွားရေး လက်နက်၊ ဗုံး၊ သေနတ်၊ လက်နက်တို့ဖြင့် အကြမ်းဖက်ခြင်း ထပ်မံမပြုလုပ်ကြပါရန်နှင့် ချစ်ခြင်းမေတ္တာပြည့်ဝသော မြန်မာတိုင်းရင်းသားတို့ကို ချစ်ခြင်းမေတ္တာဖြင့်သာ တုံ့ပြန်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ။

မေ ၈ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း တိပိဋကရေ၊ တိပိဋကကောဝိဒ စာအောင် သံဃာတော် အရှင်မြတ်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လောင်းလှူစဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

မေ ၈ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း တိပိဋကရေ၊ တိပိဋကကောဝိဒ စာအောင် သံဃာတော် အရှင်မြတ်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လောင်းလှူစဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ရောဝတီတိုင်း မြို့နယ် သုံးမြို့နယ်၌

အဆင့်မြင့် စက်ချုပ်အထူးသင်တန်းနှင့် အခြေခံအိမ်တွင်းမှု အထူးသင်တန်းများဖွင့်လှစ်

နေပြည်တော် မေ ၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အဆင့်မြင့်စက်ချုပ် အထူးသင်တန်းအမှတ်စဉ် (၂)နှင့် အခြေခံအိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ် (၄) သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို မေ ၃ရက် နံနက် ၉နာရီခွဲက ဧရာဝတီတိုင်း ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါ အခမ်းအနားသို့ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကို၊ ဖျာပုံခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြပြီး ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး လက်တွေ့သင်တန်းပို့ချနေမှုများကို ကြည့်ရှုစစ်ဆေး အားပေးခဲ့သည်။

အမှာစကားပြောကြား

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် နံနက် ၁၁ နာရီခွဲတွင် ဘိုကလေးမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည့် အဆင့်မြင့်စက်ချုပ် အထူးသင်တန်းအမှတ်စဉ် (၂)နှင့် အခြေခံအိမ်တွင်းမှု အထူးသင်တန်းအမှတ်စဉ် (၄) သင်တန်းဖွင့်ပွဲသို့လည်းကောင်း၊ မွန်းလွဲ ၂နာရီခွဲတွင် မော်လမြိုင်ကျွန်းမြို့ မော်ရွှေဝါခန်းမ၌ ကျင်းပသည့် အဆင့်မြင့်စက်ချုပ် အထူးသင်တန်းအမှတ်စဉ် (၂)နှင့် အခြေခံအိမ်တွင်းမှု အထူးသင်တန်းအမှတ်စဉ် (၄) သင်တန်းဖွင့်ပွဲသို့လည်းကောင်း တက်ရောက် အမှာစကားပြောကြား၍ တက်ရောက်လာကြသည့် သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး လက်တွေ့သင်တန်းပို့ချနေမှုများကို ကြည့်ရှုစစ်ဆေး အားပေးခဲ့သည်။

အခမဲ့ထောက်ပံ့

ယနေ့ဖွင့်လှစ်ခဲ့သော ဧရာဝတီတိုင်းအတွင်း မြို့နယ် သုံးမြို့နယ်ဖြစ်သည့် ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့တွင် အဆင့်မြင့်စက်ချုပ် အထူးသင်တန်းအမှတ်စဉ် (၂)နှင့် အခြေခံအိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ် (၄)တို့ကို တစ်မြို့နယ်လျှင် ကျေးရွာအုပ်စုများမှ အမျိုးသမီးသင်တန်းသူ ၃၀၊ မြို့ပေါ်ရပ်ကွက်များမှ အမျိုးသမီးသင်တန်းသူ ၃၀ ပေါင်း ၆၀ စီအား သင်တန်းကာလ ရက်သတ္တ ၁၀ပတ်ကြာ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလအတွင်း သင်တန်းသူများ၏ နေထိုင်စားသောက်ရေးနှင့် သင်ထောက်ကူပစ္စည်းများကို ဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာစပါး

ပြည့်အားထား

တားဆီးကာကွယ်

မီးရန်ခွယ်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် အင်းလေးကန် သာယာလှပရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အင်းလေးကန်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှု

ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ ၅ ရက် နံနက် ၈ နာရီက ညောင်ရွှေမြို့ ဖောင်တော်ပြန်ဇေ့ရိပ်သာသို့ရောက်ရှိရာ တာဝန်ရှိသူများက ရွှေညောင်- ညောင်ရွှေလမ်းပိုင်း၊ တောင်လေးလုံး- ရေပူ-ခေါင်တိုင်လမ်းပိုင်းနှင့် အောင်ပန်း- ပင်းတယလမ်းပိုင်းအခြေအနေများကိုလည်းကောင်း၊ ညောင်ရွှေမြို့နယ်ဥက္ကဋ္ဌက ညောင်ရွှေမြို့ ဖွံ့ဖြိုးတိုးတက်မှုနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လမ်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အစဉ်အမြဲကောင်းမွန်အောင် ဆောင်ရွက်ကြရန်၊ အင်းလေးဒေသရှိမြို့များအား မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ကြရန်တို့ကို မှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အင်းလေးကန်သာယာလှပရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဖောင်တော်ဦး ဇေ့ရိပ်သာသို့ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးက အင်းလေးကန်နှင့်မိုင်(၂၀)ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှု၊ အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်နေမှုနှင့် ကန်အတွင်းမှ နုန်းမြေများ စုပ်တင်နေမှုအခြေအနေများကိုလည်းကောင်း၊ သစ်တော ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးက အင်းလေးကန်အတွင်း နုန်းပို့ချမှု၊ ကန်ရေပြင် ကျဉ်းလာမှုနှင့် ကန်ရေအရည်အသွေးကျဆင်းလာမှု ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အင်းပေါခုံကျေးရွာရှိ မြစကြာပိုးထည်လုပ်ငန်းကို ကြည့်ရှုအားပေးပြီး နန့်ပန်ဈေးကို ကြည့်ရှုစစ်ဆေးသည်။

အလှူငွေများပေးအပ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် နန့်ပန်ကျေးရွာရှိ ခုတင် (၅၀)ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာများအား လှည့်လည်ကြည့်ရှု၍ အားပေးစကားပြောကြားကာ အလှူငွေများကို ပေးအပ်သည်။

ကြည့်ရှုအားပေး

ထို့နောက် ဒေသခံတောင်သူတစ်ဦး၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ရေပေါ် ခရမ်းချဉ်သီးစိုက်ခင်းသို့ သွားရောက်ကြည့်ရှုအားပေးကြပြီး အင်းလေးကန်၏ သာယာလှပမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွေးမြူရေးခုံ

ယင်းနောက် ညောင်ရွှေမြို့နယ် တိလောကျေးရွာရှိ ရှမ်းရိုးမမွေးမြူရေးခုံသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြပြီး မွေးမြူရေးခုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၆) အမှတ် (၁၇) ထွက်ရှိ

ရန်ကုန် မေ ၈

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)အမှတ်(၁၇)၌ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အသုံးပြုသည့်စနစ်တစ်ခုဖြစ်သော ဖုန်းနံပါတ်ကိုခေါ်လိုက်ပါက ပေါက်ကွဲသွားနိုင်မည့် အဆင့်မြင့်ဖောက်ခွဲနည်းစနစ်သုံး အဝေးထိန်းဗုံးတစ်လုံးကို X_2O ရေကစားမဏ္ဍပ်အနီး၌ ပေါက်ကွဲမှုမဖြစ်ဘဲ ကျန်ရစ်ခဲ့သည်ကို ရှာဖွေသိမ်းဆည်းရမိခဲ့ခြင်းနှင့် သင်္ကြန်အကြတ်နေ့ ဗုံးပေါက်ကွဲမှုသတင်းများ၊ NLD ဗဟိုကော်မတီဝင် အချို့စုစည်း၍ အမျိုးသားဒီမိုကရေစီအင်အားစု (National Democratic Force) အမည်ဖြင့် ပါတီထောင်မည်၊ အမျိုးသမီး တစ်ဦးကိုသတ်ကာ ရွှေထည်ပစ္စည်းများ ဖြုတ်ယူမှုဖြစ်ပွား၊ မြန်မာနိုင်ငံဆေးကောင်စီက ခွဲစိတ်ဆရာဝန်များအတွက် ညွှန်ကြားချက်ထုတ်ပြန်၊ ကျောက်ဖြစ် လူဦးခေါင်းခွံနှစ်ခု ထိန်းသိမ်းထား စသည့် ပြည်တွင်းသတင်းများနှင့်အတူ ဆရာဘုန်းလူလှရေးသော နိုင်ငံရေးမိတ်ဆက် အယူအဆနှင့်အကျိုးဆက်များ-၅၊ ပင်းမြို့ဟောင်းနှင့် မဟာဗောဓိ ရွှေညောင်တော် Myanmar Discovery၊ သဲပန်းချီရေးသူ ကိုကောင်းစံ၏ သူ့ဘဝ သူ့ဒဿနကဏ္ဍ၊ ထူးမခြားနား အထူးကား၊ မြေမှိုသတင်းထူး အဖျားရှုးကဲ့သို့သော ဖတ်စရာ မှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိနေပြီဖြစ်သည်။

စီးပွားရေးပညာရှင် ရစ်ချတ်ဂျော်လီနှင့် စထရိတ်တိုင်းမ်သတင်းစာတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ အာရှ၏ ကမ္ဘာ့အဆင့်မီ တက္ကသိုလ်များ ထွက်ပေါ်လာရေး၊ နိုင်ငံခြားမှ အလုပ်လာရောက်လုပ်ကိုင်သူတို့၏ မှီခိုသူများ အရည်အသွေးပြည့်မီပါက စင်ကာပူတွင် အလုပ်လုပ်ခွင့်ရ၊ တောင်အာရှသည် ကမ္ဘာပေါ်တွင် ထိပ်တန်းအကြမ်းဖက်တိုက်ခိုက်ရာဒေသဖြစ်လာ၊ နီပေါတွင် ဝဖြိုးနေသည့် ရဲတပ်ဖွဲ့ဝင်များအား ရာထူးတိုးမပေး၊ အချိုရည်အလွန်အကျွံသောက်ပါက အလျင်အမြန်အိုမင်းရင့်ရော်နိုင်၊ ရေကာတာတည်ဆောက်ရေးစီမံကိန်းကြောင့် ငလျင်လှုပ်ခတ်မှုဒေသအား စိုးရိမ်သောကဖြစ်ပေါ်စေခဲ့၊ တရုတ်နိုင်ငံစာသင်ကျောင်းများတွင် တစ်လအတွင်း ဓားဖြင့်အကြမ်းဖက်တိုက်ခိုက်မှု သုံးကြိမ်ဖြစ်ပွားခဲ့၊ အနှစ် (၇၀) အစာမစား ရေမသောက်ဘဲနေသူ၊ ငါးကြီးဆီစားခြင်းဖြင့် ဉာဏ်ရည်မထက်မြက် စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး ကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီ ဖြစ်သည်။ **(သတင်းစဉ်)**

AFC President's Cup

ဘောလုံးပြိုင်ပွဲဝင်အသင်းများ စာနယ်ဇင်းတွေ့ဆုံပွဲ ကျင်းပ

သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင် — စာမျက်နှာဖွဲ့စည်းမှု - ယဉ်ယဉ်အေး (မြန်မာ့အလင်း)

ရန်ကုန် မေ ၈

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၀ AFC President's Cup ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အသင်းများ၏ စာနယ်ဇင်းတွေ့ဆုံရှင်းလင်းပွဲအခမ်းအနားကို ယနေ့ ညနေ ၆နာရီက Chatrium ဟိုတယ်၌ ကျင်းပသည်။

AFC President's Cup ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)နှင့် အုပ်စု(ဂ) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံကိုယ်စားပြုပါဝင်ယှဉ်ပြိုင်မည့် ရတနာပုံအသင်းသည် အုပ်စု(ဂ)၌ တာ့ခ်မင်နစ္စတန်ကလပ် အက်ရှ်ကာမက်အသင်း၊ ဘူလ်တန်ကလပ် ဒရက်စတားအသင်းတို့နှင့် ပါဝင်လျက်ရှိသည်။ အက်ရှ်ကာမက်အသင်းတွင် ၂၀၁၀ AFC Challenge Cup ဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုရခဲ့သည့် တာ့ခ်မင်နစ္စတန် လက်ရွေးစင်အသင်းမှ ကစားသမား ၁၂ဦး ပါဝင်လာကြောင်း သိရသည်။ ထို့ကြောင့် အုပ်စု(ဂ)တွင် အုပ်စုပထမနေရာအတွက် အိမ်ရှင်ရတနာပုံအသင်းနှင့် အက်ရှ်ကာမက်အသင်းတို့ အပြိုင်လုရဖွယ်ရှိသည်။

အဓိက

အက်ရှ်ကာမက်အသင်းအုပ်ချုပ်သူ KICHIGULOV KICHIGUL က "မိမိတို့အသင်းမှာ ပရိကလပ်အသင်းတစ်သင်းဖြစ်ကြောင်း၊ ယခုပြိုင်ပွဲကို ပထမဦးဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း၊ ၂၀၁၀ AFC Challenge Cup ပြိုင်ပွဲတွင် ဒုတိယဆုရခဲ့သည့် တာ့ခ်မင်နစ္စတန်လက်ရွေးစင်အသင်းမှ ကစားသမား ၁၂ဦး ပါဝင်လာကြောင်း၊ နည်းပြချုပ်မှာလည်း လက်ရွေးစင်အသင်း နည်းပြချုပ်ပင်ဖြစ်ကြောင်း၊ အုပ်စုတွင် တွေ့မည့် အသင်းနှစ်သင်းအကြောင်းကို သေချာမသိသော်လည်း အုပ်စုတက်ရန် လွယ်လွယ်ကူကူမဖြစ်နိုင်ကြောင်း၊ အရင်ဆုံးအနေဖြင့် အုပ်စု ပထမရရှိရန် အဓိကလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲ၏ အကောင်းဆုံးအသင်းမှာ တာဂျစ်ကစ္စတန် ဗာကက်ရှ် အသင်းဟု ထင်ပါကြောင်း" ပြောကြားသွားသည်။

ဘူလ်တန်ကလပ် ဒရက်စတားအသင်း အုပ်ချုပ်သူ Tshering က "မိမိအသင်းမှာ ပြင်ဆင်ချိန်နည်းပါးကြောင်း၊ ဘူလ်တန်နိုင်ငံ၏ ဘောလုံးအဆင့်အတန်းမှာ ထင်သလောက် မဖွံ့ဖြိုးသေးသလို မိမိတို့အသင်းမှာလည်း အပျော်တမ်းအသင်းဖြစ်ပါကြောင်း၊ အုပ်စုတွင် ပရိကလပ်နှစ်သင်းနှင့် တွေ့ဆုံရမည်ဖြစ်၍ စိုးရိမ်စရာရှိပါကြောင်း၊ မိမိတို့အသင်းမှာ မျှော်လင့်ချက် အများကြီးမထားသလို အတွေ့အကြုံရရှိရန် ယှဉ်ပြိုင်ခြင်းဖြစ်ပါကြောင်း၊ အုပ်စုတက်မည့်အသင်းကို ခန့်မှန်းရန်မလွယ်ကူကြောင်း" ပြောကြားသွားသည်။

ကြိုးပမ်း

ရတနာပုံအသင်း အုပ်ချုပ်သူ မစ္စတာရိုဟန်က "ယခုပြိုင်ပွဲတွင် မိမိတို့အသင်းမှာ ပထမဦးဆုံး နိုင်ငံတကာပြိုင်ပွဲဖြစ်ကြောင်း၊ ပြိုင်ဘက်အသင်းများအကြောင်း သိပ်မသိသော်လည်း တာ့ခ်မင်နစ္စတန်ကလပ် အက်ရှ်ကာမက်အသင်းမှာ အတောင့်တင်းဆုံးဖြစ်ကြောင်း၊ လက်ရွေးစင်အသင်းချင်း ယှဉ်ပါက တာ့ခ်မင်နစ္စတန်အသင်းက ပိုကောင်းပြီး AFC Challenge Cup ပြိုင်ပွဲတွင် ဒုတိယရထားကြောင်း၊ အကောင်းဆုံးယှဉ်ပြိုင်ပြီး အုပ်စုအဆင့်မှ ကျော်နိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။ ။

(မြန်မာ့အလင်း)

ရတနာပုံအသင်း အုပ်ချုပ်သူ ရိုဟန်။

စာနယ်ဇင်း တွေ့ဆုံပွဲ

အုပ်စု(ဂ)အသင်းများနှင့် စာနယ်ဇင်း တွေ့ဆုံပွဲကျင်းပစဉ်။

AFC President's Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်များ

အုပ်စု(ခ)	အုပ်စု(ဂ)
ဗာကက်ရှ်(တာဂျစ်ကစ္စတန်)	ရတနာပုံ(မြန်မာ)
နာဂါကော့ဗ်(ကမ္ဘောဒီးယား)	အက်ရှ်ကာမက်(တာ့ခ်မင်နစ္စတန်)
KRL (ပါကစ္စတန်)	ဒရက်စတား(ဘူလ်တန်)
ရီနောင်းစပို့စ်(သီရိလင်္ကာ)	

ရက်စွဲ	ပွဲစဉ်	အချိန်/ကွင်း
၉-၅-၂၀၁၀	အက်ရှ်ကာမက်- ဒရက်စတား	၄နာရီ (သုဝဏ္ဏကွင်း)
၁၀-၅-၂၀၁၀	ဗာကက်ရှ် - ရီနောင်းစပို့စ်	၄နာရီ (သုဝဏ္ဏကွင်း)
	နာဂါကော့ဗ် - KRL	၃နာရီခွဲ(အောင်ဆန်းကွင်း)
၁၁-၅-၂၀၁၀	ဒရက်စတား - ရတနာပုံ	၄နာရီ (သုဝဏ္ဏကွင်း)
၁၂-၅-၂၀၁၀	ရီနောင်းစပို့စ် - နာဂါကော့ဗ်	၄နာရီ (သုဝဏ္ဏကွင်း)
	KRL - ဗာကက်ရှ်	၃နာရီခွဲ (အောင်ဆန်းကွင်း)
၁၃-၅-၂၀၁၀	ရတနာပုံ - အက်ရှ်ကာမက်	၄နာရီ (သုဝဏ္ဏကွင်း)
၁၄-၅-၂၀၁၀	ဗာကက်ရှ် - နာဂါကော့ဗ်	၄နာရီ (သုဝဏ္ဏကွင်း)
	KRL - ရီနောင်းစပို့စ်	၃နာရီခွဲ (အောင်ဆန်းကွင်း)

အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံ တင်းနစ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းတို့ ၂၀၁၀ခုနှစ် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

၂၀၁၀ခုနှစ် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၈

၂၀၁၀ခုနှစ် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား (**2010 President's Cup Tennis Tournament**) တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ကျင်းပရာ မြန်မာအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်

ရှေးဦးစွာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူးနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌတို့က ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းများမှ တင်းနစ်အားကစားမောင်မယ် ၂၀၀ကျော်နှင့် အသင်းလိုက် ပြိုင်ပွဲဝင် ၁၂သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲပွဲစဉ်များကို စတင်ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

၈-၅-၂၀၁၀

သာယာဝတီမြို့
၄၂ ဒသမ ၈ ဒီဂရီစင်တီဂရိတ်
နေပြည်တော် ပျဉ်းမနား
၄၂ ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့
၄၂ ဒီဂရီစင်တီဂရိတ်
ချောက်မြို့
၄၂ ဒီဂရီစင်တီဂရိတ်
မကွေးမြို့
၄၂ ဒီဂရီစင်တီဂရိတ်
အမ်းမြို့
၄၂ ဒီဂရီစင်တီဂရိတ်
ပြည်မြို့
၄၂ ဒီဂရီစင်တီဂရိတ်
ရွှေကျင်မြို့
၄၂ ဒီဂရီစင်တီဂရိတ်

တောင်ပိုင်းဒေသများ၌ ကွက်ကျားမိုးရွာဖွယ်ရှိ

နေပြည်တော် မေ ၈

<u>**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ**</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်း အထက်ပိုင်းတွင် နေရာကျဲကျဲနှင့် ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိ၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန် တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့သည်။ မှတ်သား ဖွယ်ရာမိုးရေချိန်များမှာ ကသာမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ မချမ်းဘောမြို့တွင် ၀ ဒသမ ၆၃ လက်မနှင့် ဗန်းမော်မြို့တွင် ၀ ဒသမ ၂၇ လက်မတို့ဖြစ်ကြသည်။

<u>**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ**</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

<u>**မေ ၉ ရက် ညနေအထိ ခန့်မှန်းချက်မှာ**</u> ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

<u>**မြန်မာ့ပင်လယ်ပြင်တွင်**</u> လှိုင်းအသင့်အတင့်ရှိမည်။

<u>**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ**</u> မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

<u>**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်**</u> ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

<u>**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်**</u> ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

<u>**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်**</u> ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် သင်ကြားမှု စွမ်းရည်မြင့်မားရေးမွမ်းမံသင်တန်းဖွင့်

နေပြည်တော် မေ ၈

ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန နေပြည်တော်တပ်ကုန်းမြို့နယ် အခြေခံပညာအဆင့်လိုက် အင်္ဂလိပ်စာ၊ သင်္ချာဘာသာရပ် သင်ကြားမှု စွမ်းရည်မြင့်မားရေး မြို့နယ်အဆင့် မွမ်းမံသင်တန်းဖွင့်ပွဲကို မေ ၅ရက် နံနက် ၈နာရီက နေပြည်တော်တပ်ကုန်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ပညာရေးမှူး ဦးသန်းဌေးအောင်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** သင်တန်းသို့ ဆရာ ဆရာမ ၅၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၅ရက်မှ ၁၅ရက်အထိ ၁၀ရက် ကြာမြင့်မည်ဖြစ်သည်။

(၀၉၁)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၁၀ခုနှစ် မေလအတွက်
(၉-၅-၂၀၁၀)ရက်နေ့
နှင့်
(၃၀-၅-၂၀၁၀)ရက်နေ့

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမများ မသုံးရ

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် မေ ၈

အလက(၂)ဒဂုံ မြတ်ဆရာပူဇော်ပွဲ

အလက(၂)ဒဂုံ (ယခင် မင်းမနိုင်အလယ်တန်းကျောင်း)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများအား ကျောင်းသားဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို မေ ၂၃ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း၌ကျင်းပရန်စီစဉ်ထားပြီး ပူဇော်ပွဲနှင့်ပတ်သက်၍ ဖုန်း-၃၇၉၀၇၈၊ ၅၉၀၅၉၀ နှင့် ၃၇၄၀၈၅ တို့သို့ဆက်သွယ်လှူဒါန်းနိုင်သည်။

ဝါးခယ်မအသင်း(ရန်ကုန်) ဆရာကန်တော့ပွဲကျင်းပမည်

ဝါးခယ်မအထက(၁)နှင့် (၂)၊ အလက(၁)နှင့် (၂)တွင် သက်ပြည့်အငြိမ်းစားယူခဲ့ကြသည့် ရန်ကုန်ရောက် ဆရာဆရာမကြီးများအား (၁၆)ကြိမ်မြောက် ဆရာကန်တော့ပွဲကို မေ ၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)အသင်းတိုက်တည်ရှိရာ ရန်ကုန်မြို့ လသာမြို့နယ် စဉ့်အိုးတန်းလမ်း အမှတ် ၁၂ ၌ကျင်းပမည်ဖြစ်သည်။

နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးဆိုင်ရာသင်တန်းဖွင့်မည်

မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MIFFA) က နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခြေခံသင်တန်းကို မေ ၁၄ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower (ငါးလွှာ) MIA အခန်း၌ ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၂၁၄၈၄၇ သို့ စာရင်းပေးဆက်သွယ်နိုင်သည်။

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)အစည်းအဝေးကျင်းပမည်

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ ၂၀၁၀ ခုနှစ် ဒုတိယအကြိမ် ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ် ၂၄၉ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း၌ မေ ၂၂ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ကရာတေးဒိုပြိုင်ပွဲကျင်းပမည်

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ကကြီးမှူးကျင်းပမည့် ၂၀၁၀ ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲကို မေ ၁၂ရက်နှင့် ၁၃ရက်တို့တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

ဒီဇိုင်းနှင့်စက်ချုပ်ပညာ သင်တန်းတက်ရောက်နိုင်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုရန်နှင့် မြန်မာအမျိုးသမီးထုဘဝ မြှင့်တင်ရေး အထောက်အကူပြုစေရန်ရည်ရွယ်၍ ခေတ်မီအဝတ်အစား ဒီဇိုင်းပညာရပ်နှင့် စက်ချုပ်သင်တန်းကို New Fashion Designer Group မှ ပညာဒါနသင်တန်းများဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ မေ ၁၅ ရက် နောက်ဆုံးထားပြီး ဖုန်း-၂၂၇၀၉၆ နှင့် ၂၂၈၃၈၃ တို့သို့ဆက်သွယ်နိုင်သည်။

အလေးမဒိုင်လူကြီးသင်တန်း တက်ရောက်နိုင်

မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က ဖွင့်လှစ်သော အလေးမဒိုင်လူကြီး သင်တန်းအမှတ်စဉ် (၂/၂၀၁၀)ကို မေ ၂၄ရက်မှ ၂၈ ရက်အထိ အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်၌ကျင်းပမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၈၀၁၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်(၂၀၁၀) ဖြန့်ချိထား

စာပေဗိမာန်က ၁၉၇၈ ခုနှစ်ကစ၍ နှစ်စဉ်ထုတ်ဝေဖြန့်ချိသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၀)ကို ယခုနှစ်တွင်လည်း ယခင်နှစ်များထက် စာမျက်နှာတိုးမြှင့်၍ ဝေဝေဆာဆာဖြင့် ထုတ်ဝေဖြန့်ချိထားပြီး ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်း အိမ်အရောက်ပေးပို့စေလိုပါက ဖုန်း-၀၉-၅၀၈၀၈၅၀ နှင့် ၀၁-၃၉၁၁၈၆ တို့သို့ဆက်သွယ်မှာကြားနိုင်သည်။

ကရကင့်ရာသီဖွား နဝဒေး၌ရုံတင်ပြသ

ဝတ္ထု ဇာတ်ညွှန်းဒါရိုက်တာ အာရုံသစ်ရိုက်ကူးပြီး ကျော်ဟိန်း၊ ရီဝေယံ၊ စိုးမြတ်နန္ဒာတို့ အဓိကပါဝင် သရုပ်ဆောင်ထားသော ကရကင့်ရာသီဖွား ဒီဗွီဒီဇာတ်ကားကို ရန်ကုန်မြို့ နဝဒေးရုပ်ရှင်ရုံ၌ ရုံတင်ပြသလျက် ရှိသည်။ အဆိုပါဇာတ်ကားမှာ ကျော်ဟိန်းနောက်ဆုံးရိုက်ကူးခဲ့သော ဇာတ်ကားဖြစ်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

ဂျီတီအိုင်ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၈

ဂျီတီအိုင်ကျောင်းသားဟောင်းများ၏ (၁၂)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၁၅ရက် နံနက် ၁၀နာရီမှစ၍ ရန်ကုန်မြို့ တောင်ဥက္ကလာဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများသည် ဦးခင်ဇေ (ရုံးအဖွဲ့မှူး) ဖုန်း-၅၁၉၈၆၃သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာ့ဖလားပုံရိပ်လွှာ

အိမ်ရှင်တို့ ဖိုလ်စွဲခဲ့သည့် ၁၉၇၄နှင့်၇၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ

ရေးသူ-မောင်မောင်မြင့်ဆွေ   စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

ဘာလင် မေ ၈

၁၉၇၄ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲရဲ့ အိမ်ရှင်ကတော့ အနောက်ဂျာမနီနိုင်ငံပဲဖြစ်ပါတယ်။ အနောက်ဂျာမနီနိုင်ငံဟာ ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်အောင် ကြိုးစားခဲ့သလို အနောက်ဂျာမနီဘောလုံးအသင်းကိုလည်း အချိန်ယူပြီး စနစ်တကျနဲ့ ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ ကမ္ဘာ့ဖလားပွဲစဉ်တွေကို အနောက်ဂျာမနီနိုင်ငံမှာရှိတဲ့ အဆင့်အမြင့်ဆုံး ဘောလုံးကွင်းတွေမှာ ယှဉ်ပြိုင်ကစားစေခဲ့တာဖြစ်ပါတယ်။

ပါဝင်ယှဉ်ပြိုင်

၁၉၇၄ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၆သင်းတို့ ပါဝင်ဆင်နွှဲခဲ့ကြပါတယ်။ ပြိုင်ပွဲမစတင်ကတည်းက ဖိုလ်စွဲမယ်လို့ ရေပန်းစားခဲ့တဲ့ အသင်းတွေကတော့ အင်္ဂလန်၊ ပြင်သစ်၊ ဟန်ဂေရီနဲ့ စပိန်တို့ပဲ ဖြစ်ပါတယ်။ ထူးထူးခြားခြား

၁၉၇၄ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ဟော်လန်အသင်းကိုနှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် အနောက်ဂျာမနီအသင်း ပရိသတ်များနှင့်အတူ ဤသို့ အောင်ပွဲခံခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့အသင်းတွေကတော့ ဟေတီနဲ့ ဩစတြေးလျားတို့ပဲ ဖြစ်ပါတယ်။

ဒီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အသင်း ၁၆သင်းက စုစုပေါင်း ၃၈ပွဲကစားခဲ့ကြပါတယ်။ အသင်းအားလုံးရဲ့ စုစုပေါင်းသွင်းဂိုးက ၉၇ဂိုးရှိခဲ့တာမို့ တစ်ပွဲချင်း ဂိုးသွင်းနှုန်းဟာ ၂ဒသမ ၅၅ ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။

ရွှေဖိနပ်ဆု

၁၉၇၄ခုနှစ် အနောက်ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ နောက်ဆုံး ဗိုလ်လုပွဲကို အိမ်ရှင်အနောက်ဂျာမနီနဲ့ နယ်သာလန်အသင်းတို့ တက်ရောက်ခဲ့ကြပါတယ်။ ဗိုလ်လုပွဲမှာ အိမ်ရှင် အနောက်ဂျာမနီအသင်း ဖိုလ်စွဲခဲ့ပါတယ်။ အများဆုံး ဂိုးသွင်းနိုင်တဲ့အသင်းကတော့ ပိုလန်ဖြစ်ပြီး စုစုပေါင်း ၁၆ဂိုးသွင်းယူနိုင်ခဲ့သလို ဘောလုံးသမားတစ်ဦးချင်း ဂိုးအများဆုံး သွင်းယူသူကတော့ ပိုလန်တိုက်စစ်မှူး လာတိုပဲ ဖြစ်ပါတယ်။ လာတိုဟာ စုစုပေါင်း ခုနစ်ဂိုးသွင်းယူခဲ့လို့ အနောက်ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပွဲမှာ ရွှေဖိနပ်ဆုရယူနိုင်ခဲ့သူ ဖြစ်ပါတယ်။

ဖလားအသစ်

ပြီးခဲ့တဲ့ ၁၉၇၀ပြည့်နှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ဘရာဇီးတို့ ကမ္ဘာ့ဖလားကို ဆွတ်ခူးနိုင်ခဲ့တာဟာ သုံးကြိမ်ရှိတာမို့ ဖီဖာက ကမ္ဘာ့ဖလားရုပ်တုကို ဘရာဇီးအသင်းအား အပိုင်ပေးအပ် ချီးမြှင့်ခဲ့ပါတယ်။ ဒါကြောင့် ၁၉၇၄ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ အိမ်ရှင် အနောက်ဂျာမနီတို့ ဆွတ်ခူးနိုင်ခဲ့တဲ့ ကမ္ဘာ့ဖလားဟာ ဖီဖာကအသစ်ပြုလုပ်ထားတဲ့ ကမ္ဘာ့ဖလားအသစ် ဖြစ်ပါတယ်။

ဒါ့အပြင် ဟေတီအသင်းက နောက်ခံလူ ဂျင်ဂျိုစ်ဟာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ မစတင်ခင် ဆေးစစ်တဲ့အခါ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ပါဝင်ယှဉ်ပြိုင်ခွင့်မရခဲ့ဘဲ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲသမိုင်းမှာ ပထမဆုံးဆေးကျတဲ့သူအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ ချီလီ အသင်းက ကတ်စီလီကလည်း ဘောလုံး ကစားတဲ့အခါ အနီကတ် တိုက်ရိုက်ပြ အထုတ်ခံခဲ့ရတာကလည်း ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲသမိုင်းမှာ အနီကတ် တိုက်ရိုက်ပြ အထုတ်ခံခဲ့ရတဲ့ ပထမဆုံး ဘောလုံးသမား ဖြစ်ခဲ့ပါတယ်။

လူစားဝင်

ပိုလန်အသင်းနည်းပြ လက်စလောဟာ ဘောလုံးပွဲတစ်ပွဲတည်းမှာ ကစားသမား ခြောက်ဦးအထိ အစားထိုးလဲလှယ် ကစားခဲ့တာဟာလည်း တစ်ပွဲတည်း လူစားလဲမှု အများဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့ပြန်ပါတယ်။ ၁၉၇၄ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲဟာ သတ်မှတ်ချိန်ထက် မိနစ်၂၀ နောက်ကျပြီးမှ ဘောလုံးပွဲ စတင်နိုင်ခဲ့ပါတယ်။ အဲဒါကတော့ ဘောလုံးကွင်းရဲ့ ထောင့်ကန်ဘောအလံတိုင်၊ ကွင်းစည်း အလယ်အလံတိုင်တွေ ပျောက်ဆုံးနေတာကို ဒိုင်လူကြီးတွေ သိရှိခဲ့တာမို့ အစားထိုး တပ်ဆင်ဖို့ ပြင်ဆင်နေရလို့ပဲ ဖြစ်ပါတယ်။

နာမည်ကြီး

ဗိုလ်လုပွဲမှာ အနောက်ဂျာမနီနဲ့ နယ်သာလန်အသင်းတို့ရဲ့ပွဲဟာ ပွဲကြီး ပွဲကောင်းဖြစ်ခဲ့ပါတယ်။ နယ်သာလန် အသင်းဟာ ရှုံးပွဲကြုံတွေ့ခဲ့ရပေမယ့် နယ်သာလန်ဘောလုံးသမားတွေဖြစ်တဲ့ ဂျိုဟန်ခရိုက်ဖ်၊ ဂျိုဟန်နက်စ်ကင်၊ ရဒ်ကာရိုးနဲ့ ဝီလ်လမ်ဗင် ဟာနီဂမ်တို့ဟာ ခြေစွမ်းပြနိုင်ခဲ့လို့ နာမည်ကြီးခဲ့ကြပါတယ်။

မှတ်တမ်းတင်

ကမ္ဘာ့ဖလားကြီးကို ဆွတ်ခူးနိုင်ခဲ့တဲ့ အနောက်ဂျာမနီဘောလုံးအသင်းဟာ ၁၉၇၂ ခုနှစ် ဥရောပဖလားကိုလည်း ရရှိခဲ့တဲ့ အသင်းဖြစ်တာမို့ အနောက်ဂျာမနီနိုင်ငံရဲ့ အားကစား သူရဲကောင်းတွေအဖြစ် မှတ်တမ်းတင်ခြင်း ခံခဲ့ရပါတယ်။

၁၉၇၈ခုနှစ် ကမ္ဘာ့ဖလား

၁၉၇၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲကိုတော့ အာဂျင်တီးနားတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိခဲ့ပါတယ်။ အာဂျင်တီးနား ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲမှာ ပါဝင်ဆင်နွှဲခဲ့တဲ့ အသင်းက ၁၆သင်းဖြစ်ပြီး ခြေစစ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့အသင်းက ၁၀၇သင်း ဖြစ်ခဲ့ပါတယ်။ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲသမိုင်းမှာတော့ ခြေစစ်ပွဲဆင်နွှဲတဲ့ အသင်းအရေအတွက် အများဆုံးဖြစ်ပါတယ်။

ရေပန်းစား

၁၉၇၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲမှာ ဖိုလ်စွဲမယ်လို့ ရေပန်းအစားဆုံး အသင်းတွေကတော့ အင်္ဂလန်၊ ချက်ကိုစလိုဗက်ကီးယားနဲ့ ဆိုဗီယက်အသင်းတို့ပဲ ဖြစ်ပါတယ်။ ဒီကမ္ဘာ့ဖလားပွဲမှာ ခြေစစ်ပွဲအောင်ပြီး ထူးထူးခြားခြား ပါဝင် ဆင်နွှဲခဲ့တဲ့အသင်းတွေကတော့ အီရန်နဲ့ တူနီးရှားတို့ပဲဖြစ်ပါတယ်။

ဖိုလ်စွဲ

ပြိုင်ပွဲဝင် ၁၆သင်းဟာ စုစုပေါင်း ၃၈ပွဲယှဉ်ပြိုင်ခဲ့ကြပြီး ပွဲအစအဆုံးဂိုးပေါင်း ၁၀၂ဂိုးသွင်းယူနိုင်ခဲ့ကြပါတယ်။ နောက်ဆုံး ဗိုလ်လုပွဲကိုတော့ အိမ်ရှင်အာဂျင်တီးနားနဲ့ ဟော်လန်အသင်းတို့ တက်ရောက်ခဲ့ကြပြီး အာဂျင်တီးနားက ဟော်လန်ကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရ ဖိုလ်စွဲခဲ့ပါတယ်။

ဂိုးသွင်းမှု

၁၉၇၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲမှာ ဂိုးအများဆုံး သွင်းယူနိုင်ခဲ့တဲ့ အသင်းတွေကတော့ အာဂျင်တီးနားနဲ့ ဟော်လန်အသင်းတို့ဖြစ်ပြီး ၁၅ဂိုးစီ သွင်းယူနိုင်ခဲ့ကြပါတယ်။ တစ်ဦးချင်း ဂိုးအများဆုံး သွင်းယူခဲ့ပြီး ရွှေဖိနပ်ဆု ရယူခဲ့တဲ့သူကတော့ အာဂျင်တီးနား တိုက်စစ်မှူး မာရီရိုကမ်ပက်စ် ဖြစ်ပါတယ်။ သူက စုစုပေါင်း ခြောက်ဂိုး သွင်းယူနိုင်ခဲ့ပါတယ်။

ထူးခြားမှု

၁၉၇၈ခုနှစ် အာဂျင်တီးနား ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပတဲ့ အချိန်ဟာ အာဂျင်တီးနားနိုင်ငံမှာ စစ်အုပ်ချုပ်ရေး ကာလဖြစ်ပါတယ်။ ဒါပေမယ့် ပြိုင်ပွဲဝင် အသင်းတွေဟာ တစ်သင်းမှ မရုပ်သိမ်းကြဘဲ ပြိုင်ပွဲပြီးတဲ့အထိ အသင်းအားလုံး ပြိုင်ပွဲဝင်ခဲ့ကြပါတယ်။ ပြိုင်ပွဲဝင် အသင်းတွေဟာ ပွဲစဉ်အားလုံးကို လုံခြုံရေးအရ ညအချိန်မှ စတင်ယှဉ်ပြိုင်ခဲ့ကြရတာဟာလည်း ထူးခြားမှုတစ်ရပ် ဖြစ်ပါတယ်။

ဒါ့အပြင် အာဂျင်တီးနားနဲ့ ပီရူးတို့ပွဲမှာ အာဂျင်တီးနားတို့က ခြောက်ဂိုး ပြတ်အနိုင်ရခဲ့တာမို့ ပွဲအပြီးမှာ ပီရူး ဂိုးသမား ရာမွန်ကွီရိုဂါ စစ်ဆေးခံခဲ့ရပါတယ်။ ဒါကလည်း ရာမွန်ကွီရိုဂါဟာ အာဂျင်တီးနားနိုင်ငံမှာ မွေးဖွားခဲ့သူဖြစ်ပြီး ပီရူးနိုင်ငံမှာ ကြီးပြင်းခဲ့တဲ့သူဖြစ်တာမို့ သံသယဝင်ခဲ့ခြင်းဖြစ်ပါတယ်။

အောင်မြင်မှု

နောက်ပြီး ဘရာဇီးနဲ့ ဆွီဒင်တို့ရဲ့ ပထမအုပ်စုပတ်လည်ပွဲရဲ့ နောက်ဆုံး ပွဲချိန်ပြည့်ခါနီးမှာ ဘရာဇီးတို့ထောင့်ကန် ဘောရရှိခဲ့ပါတယ်။ အဲဒီထောင့်ကန်ဘောကို ဘရာဇီးမှ ဖစ်ကိုကန်တဲ့အခါ ဘောလုံးက ဂိုးထဲ တိုက်ရိုက်ဝင်သွားချိန်မှာ ကွင်းလယ်ဒိုင်လူကြီး သောမတ်စ်က ပွဲသိမ်းခရာမှုတ်ခဲ့လို့ ဂိုးအဖြစ် မသတ်မှတ်ခဲ့တာကြောင့် အဲဒီပွဲမှာ ဘရာဇီးတို့ တစ်ဂိုးစီသရေနဲ့ ကျေနပ်ခဲ့ရတာကလည်း ထူးခြားမှု တစ်ရပ်ပါပဲ။ ဒါကြောင့် ၁၉၇၈ခုနှစ် အာဂျင်တီးနား ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကလည်း ထူးခြားမှုများနဲ့ အောင်မြင်မှု ရရှိခဲ့တဲ့ ပြိုင်ပွဲတစ်ရပ် ဖြစ်ခဲ့ပါတယ်။ ။

ကိုးကား-အင်တာနက်

၁၉၇၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ဖိုလ်စွဲခဲ့သည့် အာဂျင်တီးနားတို့ ဤသို့ ဖလားကိုင်မြှောက်၍ ပျော်ရွှင်ခဲ့ကြသည်။ (အင်တာနက်ဓာတ်ပုံ)

အီလက်ထရွန်နစ်နှင့် နေထိုင်မှုပြပွဲ ၂၀၁၀ ကျင်းပမည်

ရန်ကုန် မေ ၈

IEMS Company Limited သည် အီလက်ထရွန်နစ်နှင့် နေထိုင်မှုပြပွဲ ၂၀၁၀(Electronics & Living 2010) ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မေ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဆက်သွယ်မေးမြန်းနိုင်

ပြပွဲတွင် Crown Electronics၊ Asahi Electronics ၊ Khi Electronics၊ Aek Electronics၊ Master Power တို့မှ အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ Shine Construction မှ ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့် အိမ်ရာပုံစံအရောင်းပြခန်းများ၊ Lucky Bird၊ King Empire၊ KMD၊ Unique၊ Micro နှင့် NCTC Computer တို့မှ နောက်ဆုံးပေါ် Projector၊ Copier၊ Laptop ၊ Desktop များနှင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ Universal Light၊ Ocean Glory၊ Uniteak တို့မှ ခေတ်မီဆန်းသစ်သော Luxury ပရိဘောဂအမျိုးမျိုး၊ Sm³ ၊ Cho Cho ၊ Technomation Studio တို့မှ ကွန်ပျူတာသုံး Software များ၊ Cannon ၊ Fuji Film နှင့် Pacific တို့မှ ဒစ်ဂျစ်တယ်ကင်မရာများ၊ Concordia မှ Printer များနှင့် Copier များ၊ Tharaphee၊ Royal Material နှင့် Maruart တို့မှ Korea Liminate Floorနှင့် Materials ပစ္စည်းအမျိုးမျိုး၊ SMART Electronic Dictionary မှ အီလက်ထရွန်နစ်အဘိဓာန်များ၊ Yee Shin Co.,Ltd. မှ Haier တံဆိပ် TV များ၊ Do Co Mo မှ ဖုန်းနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ Ko Ko Mo Mo မှ Fujitel၊ Reach၊ Work တံဆိပ် နှစ်နှစ်အာမခံ ဖုန်းများ၊ Super Rich တံဆိပ် ကိုရီးယားနိုင်ငံထုတ် ထီးနှင့်မိုးကာများ၊ JCJ, JCP တံဆိပ် ထိုင်းနိုင်ငံထုတ် အိမ်သုံးပလတ်စတစ် အမျိုးမျိုး၊ Toshiba Kyaw Win မှ ဂိမ်းစက်အမျိုးမျိုး၊ Future Step မှ Media အမှတ်တံဆိပ် Induction Cooker များ၊ Rinnai မှ နောက်ဆုံးပေါ် Gas Stove များ၊ Amtt မှ ဆေးခန်းနှင့် ဆေးရုံသုံးပစ္စည်းများ၊ SP Group မှ Air Pure တံဆိပ် အဆင့်မြင့် Automatic Air Fresher များ၊ ကြိမ်ထိုက်မှ CHINT တံဆိပ် မီးသတ်ဆေးဘူးများနှင့် Electrical ပစ္စည်းအမျိုးမျိုး၊ IEM မှ မီးစက်များနှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ Three Friends Trading မှ အဆင့်မြင့် နောက်ဆုံးပေါ် ခြင်ဖမ်းစက်များ၊ Ever Seiko မှ Denyo တံဆိပ်မီးစက်များနှင့် Stieble Eltron အမှတ်တံဆိပ် အဆင့်မြင့် ရေပူရေအေးစက်များ၊ Myat Kan Moe Interprise Ltd. မှ T&J၊ CLIPSAL တံဆိပ် Switch နှင့် Socket၊ Merlin Gerin တံဆိပ် Breaker များ၊ Telemecanique တံဆိပ် Contactor & Over Load Relay များ၊ DIS မှ တံခါးလော့များ၊ MTG မှ ရေစုပ်စက်ပစ္စည်းအမျိုးမျိုး၊ The One PE Tank မှ Korea နိုင်ငံထုတ် ရေတိုင်ကီများ၊ So Lo မှ အာမခံသော့ခလောက်များ၊Ogawa မှ Messanger Chairs အမျိုးမျိုး၊ Moon Fancy မှ ဖုန်းကီးချိန်းနှင့် ဖန်စီပစ္စည်းအမျိုးမျိုး၊ Proven Technology Industry Co.,Ltd. မှ Toyo Battery များ၊ Zaw & Hnin Co.,Ltd. မှ Water Proofing & Construction Chemicals များ၊ Uranus Co., Ltd. မှ MNZ တံဆိပ် နောက်ဆုံးပေါ်ငွေရေစက်များ၊ Revo မှ ဒစ်ဂျစ်တယ်ကတ္တားများကို ခင်းကျင်းပြသမည်ဖြစ်ပြီး ပြပွဲတွင် ဖျော်ဖြေရေး အစီအစဉ်များအပြင် နေ့စဉ်ကံစမ်းမဲ ဖွင့်လှစ်ပေးမည်ဖြစ်ကာ အသေးစိတ်သိရှိလိုပါက ဖုန်း-၂၄၀၉၁၀ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၉-၅-၂၀၁၀

(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅	၂။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၆။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၀၅	၇။	အကပြိုင်ပွဲ
၈:၁၅	၈။	တေးဂီတအစီအစဉ်
၈:၃၀	၉။	တိရစ္ဆာန်ဉယျာဉ်နေပြည်တော် သွားလိုက်ကြစို့တူပျော်ပျော် (အပိုင်း-၂)
၈:၄၀	၁၀။	International News
၈:၄၅	၁၁။	Connect with English (Episode-46) (Friendship)
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း၊ မနွမ်းသောမေတ္တာ** (အပိုင်း-၆)
၁၂:၃၀	၅။	Golf Magazine(TV)
၁၂:၄၅	၆။	မြန်မာဗီဒီယိုဇာတ်လမ်း **အချစ်ကိုစိတ်ထဲမှာမှတ် လက်ဆယ်ချောင်းထောင်** ခန့်စည်သူ၊ နန္ဒာလှိုင် (ဒါရိုက်တာ-အောင်ဩဘာ)
၁၄:၄၅	၇။	International News
၁၅:၀၀	၈။	အစီအစဉ်ပြီး၏။

ညပိုင်း

၃:၄၅	၁။	**AFC President's Cup (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် ITTU(TKM) အသင်းနှင့် Drukstars(BHU)အသင်း**
၅:၄၅	၂။	တေးဂီတအစီအစဉ်
၆:၀၀	၃။	ညနေခင်းသတင်း
၆:၁၅	၄။	မိုးလေဝသအခြေအနေ
၆:၂၀	၅။	ကာတွန်းအစီအစဉ် Bugs' Adventures (အပိုင်း-၁၂)
၆:၄၀	၆။	တစ်မျက်နှာတစ်ကွက်စာ **စံပယ်တစ်ရုံ** ရန်နိုင်၊ ကောင်းဆက်ထူး၊ ချမ်းမီမီကို ဒါရိုက်တာ-မေတင်(MMG)
၇:၀၀	၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိတာခွင့်လွှတ်ပါ** (အပိုင်း-၆)
၈:၀၀	၈။	ပြည်တွင်းသတင်း
	၉။	နိုင်ငံတကာသတင်းများ
	၁၀။	မိုးလေဝသအခြေအနေ
	၁၁။	ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၂၃)
	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **အရွယ်လွန်ချစ်အိပ်မက်** (အပိုင်း-၆)
	၁၃။	ရုပ်သံကြော်ငြာများ
	၁၄။	အစီအစဉ်ပြီး၏။

ပြည်ခရိုင် ကြာအင်းကျေးရွာ ဘ၀အလင်းရောင်စာကြည့်တိုက်ဖွင့် စာအုပ်စာစောင်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်း

ပြည် မေ ၃

ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကြာအင်းကျေးရွာ ဘ၀ အလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၁ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဌေးမြင့်၊ ဗိုလ်မှူး အံ့ကျော်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးတိုင်း (အနောက်ပိုင်း)တိုင်းဦးစီးမှူး ဦးတင်အောင်ညွှန့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဝဲပုံ)

ဆွေးနွေး

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်းက အမှာစကားပြောကြားပြီး တိုင်းဦးစီးမှူး ဦးတင်အောင်ညွှန့်က စာကြည့်တိုက်ရှင်သန်ခိုင်မာရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ နယ်မြေခံတပ်နယ်မှ တပ်ဖွဲ့ဝင်မိသားစုများ လှူဒါန်းသော စာအုပ်စာစောင်နှင့် အလှူငွေများကို ဗိုလ်မှူးကြီးဌေးမြင့်နှင့် ဗိုလ်မှူး အံ့ကျော်တို့ကလည်းကောင်း၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော စာအုပ် စာစောင် နှင့် အလှူငွေကို ဥက္ကဋ္ဌဦးမြင့်သိန်း ကလည်းကောင်းလှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီဝင် ဦးကျော်မြင့်တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

စိုက်ထူလှူဒါန်း

အခမ်းအနားတွင် ကျေးရွာစာကြည့်တိုက်အတွက် တန်ဖိုးငွေကျပ် နှစ်သိန်းနှစ်သောင်း တန်ဖိုးရှိ စာအုပ်စာစောင်မျိုးစုံ ၈၉၅အုပ်နှင့် ငွေပဒေသာပင် ငွေကျပ်နှစ်သိန်းခြောက်သောင်းကျော် စိုက်ထူ လှူဒါန်းကြကြောင်း သိရသည်။

(တိုင်း ပြန်/ဆက်)

ရတနာသိုက် စာကြည့်တိုက်အဆောက်အအုံသစ် တောင်တွင်းကြီးမြို့ နတ်စင်ကုန်းကျေးရွာ၌ဖွင့်

တောင်တွင်းကြီး မေ ၁

တောင် တွင်း ကြီး မြို့နယ် ညောင်ပင်လှအုပ်စု နတ်စင်ကုန်း ကျေးရွာ ရတနာသိုက် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဧပြီ ၉ရက် မွန်းလွဲပိုင်းက အဆိုပါ စာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

ဟောပြော

အ ခမ်း အ နား တွင် အုပ်စုဥက္ကဋ္ဌ ဦးဌေးအောင်က အဖွင့် အမှာစကားကိုလည်းကောင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဇော်ဌေးအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ရေးကိုလည်းကောင်း၊ စာရေးဆရာ ဘုန်းဝင်းခေါင်း (မြန်မာမှု)က စာပေထဲက ဗဟုသုတ ကိုလည်းကောင်း၊ စာရေးဆရာ တောင်တွင်းစိုးမိုးကျော်က စာပေအကြောင်း သီကောင်းစရာများကိုလည်းကောင်း ဟောပြောကြပြီး အလှူရှင် ၁၀ ဦးတို့က ငွေကျပ် ၁၅၀၀၀၀နှင့် သုတရသ စာအုပ်မျိုးစုံ အုပ်၄၅၀ကို စာကြည့် တို က်မှူးထံ ပေးအပ် လှူဒါန်းကြသည်။

ဖဲကြိုးဖြတ်

ထို့နောက် ရတနာသိုက် စာကြည့်တိုက် အ ဆောက် အ အုံ သစ် ကို မြို့နယ်ဦးစီးမှူး ဦးဇော်ဌေးအောင်၊ ဥက္ကဋ္ဌဦးဌေးအောင်နှင့် ကျေးရွာတာဝန်ခံ ဦးထွန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ ဆက်)

မြို့နယ်သတင်းထွေထွေ

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပြင်ဦးလွင်၌ အသိပညာပေးဟောပြော

ပြင်ဦးလွင် မေ ၂

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ယာဉ်အန္တရာယ် ကာကွယ်တားဆီးရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဧပြီ ၅ရက်က ပြင်ဦးလွင် အောင်မြေဖေယျာကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ပညာပေးဟောပြော

ဟောပြောပွဲတွင် ပြင်ဦးလွင်မြို့နယ် ဥပဒေရုံးမှ ဥပဒေအရာရှိ ဒေါ်နန်းဝါဝါချိုက ယာဉ်တိုက်မှုဖြစ်ပွားလျှင် ဥပဒေလမ်းကြောင်းအရ အပြစ်ပေး၊ အရေးယူခြင်းနှင့် ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအေးမင်းက ယာဉ်အန္တရာယ်သတိပေး လမ်းညွှန်ချက်များနှင့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်နှင်းဖြူက ယာဉ်များ သတ်မှတ်ချက်များအတိုင်း ကုန်ပစ္စည်းများတင်ဆောင်ခြင်း မပြုသည့်အတွက် ဒဏ်ငွေရိုက်ရခြင်းနှင့် ယာဉ်တိုက်မှုဖြစ်ပွားရခြင်းအကြောင်း အသိပညာပေးဟောပြောကာ ပြင်ဦးလွင်ခရိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ဒုတိယရဲမှူး အောင်ကျော်ဦးက လမ်းဆုံ၊ လမ်းဆုံအပိုင်းများ၊ ယာဉ်လမ်းကြော တစ်လျှောက်ကား၊ ဆိုင်ကယ်များ စည်းကမ်းချက်များအတိုင်း မောင်းနှင်ကြရန် ဆလိုက်ဖြင့်ထိုးပြီး ယာဉ်တိုက်မှုဖြစ်စဉ်များကို လက်တွေ့ပြသကာ အသိပညာပေးဟောပြောကြသည်။

(အောက်ပုံ) (၀၈၈)

ပညာဗိမာန်စာကြည့်တိုက် ဆောက်လုပ်မည့် မြေနေရာကြည့်ရှု

ကျောက်တလုံးကြီး ဧပြီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်ရုံး ကျောက်တလုံးကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်နန်းဆိုင်စိန်နှင့် အဖွဲ့သည် မတ် ၂၆ရက် မွန်းလွဲပိုင်းက ကက္ကူကျေးရွာအုပ်စု ဆောင်းဖိုးတောင်ရွာသို့ သွားရောက်၍ ကျေးရွာသူကြီးနှင့် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီများနှင့် သွားရောက်တွေ့ဆုံကာ စံ(၅)ချက်နှင့်ညီသည့် စာကြည့်တိုက် ဖြစ်ပေါ်ရေး ကွင်းဆင်းဆောင်ရွက်သည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်က ကျေးရွာစာကြည့်တိုက်ပိုင် မြေနေရာနှင့် အဆောက်အအုံရရှိရေး၊ စံ(၅)ချက်နှင့်ညီသည့် စာကြည့်တိုက်ဖြစ်ပေါ်ရေး ရှင်းလင်းဆွေးနွေးသည်။

ပြသ

ထို့နောက် ကျေးရွာသူကြီးနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက ပညာဗိမာန်စာကြည့်တိုက် ဆောက်လုပ်မည့် မြေနေရာ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လိုက်လံပြသသည်။ (မြို့နယ် ပြန်/ဆက်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက် (၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်း တို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန



စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ကျေးရွာပြည်သူများနှင့် တွေ့ဆုံဆွေးနွေး

မြင်းမူ မေ ၂

စစ်ကိုင်းခရိုင် မြင်းမူမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကိုသည် မြင်းမူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်စိုးနှင့် ဝန်ထမ်းများ လိုက်ပါလျက် မတ် ၂၃ရက် နံနက်က ပုလဲတန်ကျေးရွာ ပညာရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ခန်းမ၌ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး သတ်မှတ်စံ(၅)ချက်နှင့်ညီသည့် စာကြည့်တိုက်ဖြစ်ပေါ်ရေး စာကြည့်တိုက်ကော်မတီဝင်များ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ ဟောပြောဆွေးနွေးသည်။

ပြီးစီးမှု

ထို့နောက် မွန်းလွဲ ၁နာရီတွင် မူးဝရွာထောင်ကျေးရွာ ထွန်းမြတ်အလင်း စာကြည့်တိုက်သို့ရောက်ရှိ၍ စာကြည့်တိုက် အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ စာငှားကတ်စနစ်ပါသော စာကြည့်တိုက်ဖြစ်ပေါ်လာရေး၊ ကျေးရွာပြည်သူများ အမှန်တကယ် စာပေဖတ်ရှု လေ့လာနိုင်ရေးတို့အတွက် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြရန် ကျေးရွာပြည်သူများ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် ရပ်မိရပ်ဖများအား ဆွေးနွေးပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

ဆေးရုံသို့အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်း နှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့ အလက(၃) အဌမတန်းမှ မလကြန်မာထ၏ ဖခင်အမည်မှန်မှာ ဦးလှအောင် ၁/မကန(နိုင်)၀၁၉၁၈၂ ဖြစ်ပါသည်။

အမည်ပြောင်း

အဖ ဦးလှအောင်၏သမီး မြစ်ကြီးနားမြို့ အလက(၃) အဌမတန်းမှ မလကြန်မာထအား မမာထဟု ပြောင်းလဲခေါ်ပါရန်။

မမာထ။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့ အလက(၃) အဌမတန်းမှ မအေးမိုမိုနှင့်ပဥ္စမတန်း(C)မှ မောင်စောဆာကပေါ်ထူးတို့၏ ဖခင်အမည်မှန်မှာ ဦးစောရိုးသ ၁၂/အစန(နိုင်) ၁၅၃၇၅၆ ဖြစ်ပါသည်။

တိုက်ခန်းရောင်းမည်

အလုံမြို့နယ်၊ သိပ္ပံလမ်း (၁၂½×၆၀)ပေ ဖုန်းပါ။

ဆက်သွယ်ရန်ဖုန်း-၂၂၈၉၃၄။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် အမှတ်၁၆၄မှ မခေါ်နိစင်နှင့် အမက(၃)သတ္တမတန်းမှ မလှဆန့်အောင်၏ ဖခင်အမည်မှန်မှာ ဦးမရစ်ဆိုင်းအောင် ဖြစ်ပါသည်။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့ အလက(၄) သတ္တမတန်း(B)မှ မောင်ဆွတ်မယတ်အောင်၏ ဖခင်အမည်မှန်မှာ ဦးမုန်ဒန်ဇော် ၁/မကန(နိုင်) ၀၈၃၉၈၆ ဖြစ်ပါသည်။

အမည်ပြောင်း

အဖဦးမုန်ဒန်ဇော်၏သား မြစ်ကြီးနားမြို့ အလက(၄) သတ္တမတန်း(B)မှ မောင်ဆွတ်မယတ်အောင်အား မောင်ဆွတ်မြတ်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဆွတ်မြတ်အောင်။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့ အလက(၄) နဝမတန်းမှ မဒင့်ရာ၏ ဖခင်အမည်မှန်မှာ ဦးသောင်းလဲ ၁/မကန(နိုင်) ၁၁၇၂၁၀ ဖြစ်ပါသည်။

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

တာမွေမြို့နယ်၊ အမှတ် ၈၊ အောင်တေဇလမ်း၊ ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက်နေ ဦးသန်းဝင်း-ဒေါ်ခင်မေအောင်တို့၏သမီး မခင်ဓာတုဝေသည် မိဘနှင့်မောင်နှမများအား စိတ်ဒုက္ခရောက်အောင် ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးသန်းဝင်း ၁၂/ကတတ(နိုင်)၀၁၆၇၀၆။

အမည်ပြောင်း

အဖဦးကျော်လွင်အောင်၏သမီး လားရှိုးမြို့ အထက (၆) ဆဋ္ဌမတန်း(ဃ)မှ မထက်ဖြိုးဦးအား မထက်ဝင့်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

ဦးသိန်းမင်း KTM ဆောက်လုပ်ရေးသိစေရန်

ဦးကြီးမြင့်ပိုင်ဆိုင်သောမြေကွက်ပေါ်၌ ရန်ကုန်မြို့၊တာမွေမြို့နယ်၊တာမွေကြီး (ခ) ရပ်ကွက်၊ ၁၆၇လမ်း၊ အမှတ်၂၉ဟုခေါ်တွင်သည့် နှစ်ခန်းတွဲ ခြောက်ထပ်တိုက်သစ်ဆောက်လုပ်ရာတွင် ကန်ထရိုက်တာဦးသိန်းမင်း ၁၀/မလမ(နိုင်) ၁၄၃၂၄၆ KTM ဆောက်လုပ်ရေးမှ လက်ခံယူ၍ ဆောက်လုပ်ပေးရန် သဘောတူခဲ့သောကြောင့် ၂၈-၁၀-၂၀၀၉ရက်တွင် အဆောက်အအုံဆောက်လုပ်ရန် သဘောတူကတိစာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ကြပါသည်။

သို့သော်လည်း အဆောက်အအုံဆောက်လုပ်သည့်ကာလတွင် ဦးသိန်းမင်း ကိုယ်တိုင် လာရောက်ကြီးကြပ်ဆောင်ရွက်ရန် ပျက်ကွက်နေသည့်အပြင် အဆက်အသွယ်ပြုလုပ်ခြင်းလည်း မရှိပါ။ မြေပိုင်ရှင်ကိုယ်တိုင်ကြီးကြပ်စီမံနေရပါသည်။ ထို့ကြောင့် ဤကြေညာသည့်ရက်မှ ၁၄ရက်အတွင်း ဦးသိန်းမင်းသည် မြေပိုင်ရှင်ထံ လာရောက်ဆက်သွယ်ခြင်း၊ စီမံဆောင်ရွက်ခြင်း ပြုလုပ်ရန် ကြေညာအပ်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ဆက်သွယ်ခြင်း၊ စီမံဆောင်ရွက်ခြင်း မရှိလျှင် ၂၈-၁၀-၂၀၀၉ရက်စွဲပါ ကတိစာချုပ်ကို ဦးသိန်းမင်းက ဖောက်ဖျက်သည်ဟု သတ်မှတ်ပါမည်။ မြေပိုင်ရှင်သည် တရားဝင်လိုင်စင်ရကန်ထရိုက်တာနှင့် ဆက်လက်ဆောက်လုပ်သွားမည်ဖြစ်၍ ဦးသိန်းမင်းသည် လုံးဝအကျိုးခံစားခွင့်မရှိတော့ကြောင်းနှင့် မြေပိုင်ရှင်၏ နစ်နာမှုများသည် ဦးသိန်းမင်းတွင် တာဝန်ရှိကြောင်း သိစေအပ်ပါသည်။

ဦးကြီးမြင့်၏ညွှန်ကြားချက်အရ-
ဦးတင်အောင် B.A(Law), LL.B
တရားရုံးချုပ်ရှေ့နေ
အမှတ် ၆၇၊ လမ်း ၁၂၀၊ ရေတွင်းကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။

အမည်ပြောင်း

ဦးစိုင်းမြင့်သောင်း၏ သမီး အထက (၂) ဖိုလ်တထောင်မြို့နယ် တက္ကသိုလ်ဝင်တန်း(ဂ)တွင် ပညာသင်ကြားနေသော မခင်ဖြူစင်အား နန်းခင်ဖြူစင်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။

နန်းခင်ဖြူစင်ဝင်း။



မင်္ဂလာဗျူဟာအသင်းချုပ် မဟာသတိပဋ္ဌာနသုတ်သင်တန်းဖွင့်မည်

ရန်ကုန်မြို့ အာဇာနည်လမ်း ဗဟန်းမြို့နယ်ရှိ မင်္ဂလာဗျူဟာအသင်းချုပ် ဓမ္မဗိမာန်၌ အရှင်ဇောတိက(ညောင်တုန်း) သာသနဓဇဓမ္မာစရိယ ဥဘတောဝိဘင်္ဂရေ၏ မဟာသတိပဋ္ဌာနသုတ်သင်တန်းကို ၁၁-၅-၂၀၁၀ရက် (အင်္ဂါနေ့)မှစ၍ အပတ်စဉ် အင်္ဂါ၊ ကြာသပတေးနေ့တိုင်း နံနက် ၈ နာရီမှ ၉ နာရီခွဲအထိ ဓမ္မဒါနသင်ကြားပို့ချမည်ဖြစ်ပါသဖြင့် မည်သူမဆို ကုသိုလ်ယူ တက်ရောက်သင်ယူနိုင်ပါသည်။

မင်္ဂလာဗျူဟာအသင်းချုပ်
ဖုန်း-၃၇၀၉၅၈။

ချိန်ခါမရွေး သတိပေး မီးဘေး ကင်းဝေးမှာ

အိမ်နှင့်မြေ ရောင်းမည်

စီးပွားရေးလုပ်ရန် အကောင်းဆုံးနှင့် အချက်အချာကျသောနေရာ၊ ရုံးခန်း၊ ဆိုင်ခန်း၊ Super Market ဖွင့်ရန် အသင့်တော်ဆုံးနေရာ၊ အရှုပ်အရှင်းကင်းပြီး (ပေ၄၀×ပေ၉၀) အကျယ်အဝန်းရှိ၍ နှစ် ၆၀ ဂရန် အမည်ပေါက် မြေပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။ အမှန်အကန် ဝယ်ယူမည့်သူများ အောက်ပါဖုန်းသို့ဆက်သွယ်ဝယ်ယူ ညှိနှိုင်းနိုင်ပါသည်။ ကျိုက္ကဆံလမ်းမကြီးပေါ်တွင်ရှိသည်။

ဖုန်း-၀၉-၅၁၃၈၃၃၅၊ ၀၉-၅၁၄၇၆၅၉၊
၀၉-၅၁၂၂၉၈၃၊ ၀၉-၉၉၂၂၀၁၆။

တိုက်ခန်းရောင်းမည်

(၁၅×၆၀)ပေ မြေညီ၊ နှစ်လွှာ၊ ထောင့်ခန်း၊ အိမ်မကြီးကြွေပြားခင်း၊ ရေချိုးခန်းနှစ်ခန်း၊ အိမ်သာအထက်အောက် ကြွေပြားအပြည့်ခင်း၊ အိပ်ခန်းနှစ်ခန်း၊ ပြတင်းပေါက် အထက်အောက် ၁၀ပေါက်၊ ကိုယ်ပိုင်မီတာ၊ ဖုန်းပါ၊ ညှိနှိုင်းဈေး၊ ဒဂုံ(၁) ကျောင်းအနီး။

ဖုန်း-၂၅၃၅၈၃၊ ရုံးချိန်-၃၇၇၃၇၉။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ လူနေရပ်ကွက်အမှတ် (အေးရိပ်မွန်)၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊၉၊၁၀၊၁၁(ကမာရွတ်)၊ မြေကွက်အမှတ်၅၃၊ ဧရိယာ ၀.၁၁ဧ ဧကရှိ နှစ် ၆၀ ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များကို ရန်ကုန်မြို့ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် အမည်ပေါက်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးမြင့် (LMDW-၀၀၄၆၂၁)ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးအပ်ထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအုန်းမောင် B.Sc,R.L
တရားရုံးချုပ်ရှေ့နေ
အမှတ်၁၈၊အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၃၁၂၈၊ ၃၉၃၁၇၃။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် (၇၁½+၇၁½)ပေ၊ မြေကွက်တည်နေရာ အမှတ်(၇၁)၊ သုဓမ္မာလမ်း၊(၂)ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ (၁) ဦးစံမြင့်-AD-၀၅၀၁၈၁၊ (၂) ဒေါ်သန်းရှင် AD-၀၁၁၉၅၇ အမည်ပေါက် ဂရန်မြေကို အမည်ပေါက် ဦးစံမြင့်-ဒေါ်သန်းရှင်နှင့် ၎င်းတို့၏ တစ်ဦးတည်းသောသမီး ဒေါ်စိန်စိန် ကွယ်လွန်သဖြင့် ဦးသန်းကျော် ၁၂/ဥကမ (နိုင်)၀၇၇၄၀၈က ဂရန်အမည်ပေါက်တို့၏သမီး ဒေါ်စိန်စိန်၏ ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှု စစ်တွေတွင် အသိပေးရှင်းလင်းဆွေးနွေး

စစ်တွေ မေ ၄

ပြည်နယ်အဆင့် သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်မှု အသိပေးရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ဧပြီ ၃၀ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ကျန်းမာရေးဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရခိုင် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ပြည်နယ် ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ရဲမှူးကြီးမျိုးဆွေဝင်း **(အပေါ်ပုံ)**က အဖွင့်အမှာစကား ပြောကြားပြီး စီမံချက်မန်နေဂျာ ပါမောက္ခဒေါက်တာဦးမြင့်ဟန်က သက်ကြီး ရွယ်အိုကျန်းမာရေး စောင့်ရှောက်မှုအကြောင်း အသိပေး ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေး

ဆက်လက်ပြီး ဒေါက်တာချိုထွန်း၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးက သက်ကြီးရွယ်အိုကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

ကျွဲ၊ နွားပိုင်ရှင်များအား ကူးစက်ရောဂါကာကွယ်ရေးဆိုင်ရာ ပညာပေးဆွေးနွေးပွဲ ကျိုင်းတုံ၌ကျင်းပ

ကျိုင်းတုံ မေ ၂

ဧပြီ၂၄ရက်တွင် ကျရောက်သည့် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးနေ့အထိမ်းအမှတ်အဖြစ် ကျိုင်းတုံခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာတင်တင်ဝေ၊ ဒုတိယဦးစီးမှူးဒေါက်တာစိုးမင်းအောင်နှင့် ကွင်းဆင်းအဖွဲ့သည် ဧပြီ၂၄ရက်မှ၂၈ရက်အထိ ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စုအတွင်း ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုင်းဆိုက်ကျောက်နှင့် အဖွဲ့ဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျေးရွာအုပ်စုအတွင်း နွားကောင်ရေ ၃၄၀ နှင့် ကျွဲကောင်ရေ ၇၃ကောင်အား ကျွဲ၊ နွားလည်ချောင်းကွဲရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခြင်း**(ယာပုံ)**နှင့် ဒေသဝက်များ ကျန်းမာရေးစစ်ဆေး၍ဝက်ဝမ်းကျကာကွယ်ဆေး ထိုးနှံပေးသည်။

ပညာပေးဆွေးနွေး

ထို့နောက် ကွင်းဆင်းအဖွဲ့သည် ကျွဲ၊ နွားပိုင်ရှင်များအား ကူးစက်ရောဂါကာကွယ်ရေးဆိုင်ရာ ပညာပေးဆွေးနွေးခြင်း၊ ကြက်၊ ဘဲ၊ ဝက်များကို သီးခြားမွေးမြူရေးနှင့် ခြံလှောင်စနစ် မွေးမြူရေးကျင့်သုံး၍ တိရစ္ဆာန်များကျန်းမာရေးစောင့်ရှောက်မှုပေးရန် ရှင်းလင်းပညာပေးဆွေးနွေးခြင်းများကို ကျေးရွာတောင်သူမွေးမြူရေးပိုင်ရှင်များထံ ကွင်းဆင်းဆောင်ရွက်ကြသည်။

(ခရိုင် ပြန်/ဆက်)

လောင်စာတွေကိုရှင်း မီးဘေး အန္တရာယ်ကင်း

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်တို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူ

ရှေ့ဖုံးမှ

တက်ရောက်ကြည်ညို

အဆိုပါ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော်များ၊ စာမေးပွဲကြီးကြပ်ရေး စာထောက်စာမ ဆရာတော်များ၊ စာမေးပွဲအောင် သာသနာ့အာဇာနည် အရှင်မြတ်များနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ *စာမျက်နှာ ၃ ကော်လံ ၄* ❍



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တိပိဋကဓရ၊ တိပိဋကကောဝိဒ စာအောင်သံဃာတော် အရှင်မြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ငါးမင်းဆွေ၏ "ချစ်ခြင်းမေတ္တာကို အကြမ်းမဖက်ပါနဲ့ (၂)" ဆောင်းပါးကို စာမျက်နှာ ၈ နှင့် ၉ တွင် ဖတ်ရှုနိုင်ပါသည်။